မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ ၂၀၀၈ခုနှစ်၊ မတ် ၂၉ ရက်၊ စနေနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၈၁)

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု

ဖြိုးစေတနာ မျက်စိအထူးကုအခမဲ့ဆေးခန်းဖွင့်

ရန်ကုန် မတ် ၂၈

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် ဖြိုးစေတနာ မျက်စိအထူးကု အခမဲ့ဆေးခန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်၇နာရီက အဆိုပါ အခမဲ့ဆေးခန်းတည်ရှိရာ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းနှင့် အင်းစိန်လမ်းထောင့်ရှိ မြို့တော်အခမဲ့ဆေးခန်း၌ ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ဦးအောင်သိန်းလင်းက ဖြိုးစေတနာ မျက်စိအထူးကုအခမဲ့ဆေးခန်းများ ဖွင့်လှစ်ရခြင်းနှင့် မျက်စိဝေဒနာရှင်ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက် ကုသပေးနေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဆေးပဒေသာပင်အတွက် အလှူရှင်၂၀တို့က Eye Operating Microscope အပါအဝင် အလှူငွေ စုစုပေါင်းကျပ် ၈၂၇၈၄၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းနှင့် အဖွဲ့ဝင်များသည် ဆေးဝါးစမ်းသပ် ကုသမှုခံယူနေကြသည့် မျက်စိဝေဒနာရှင်လူနာများ၊ ခွဲစိတ်ခန်းမကြီး၌ ဆေးဝါးကုသ ခွဲစိတ်မှုခံယူနေကြသော မျက်စိဝေဒနာရှင် လူနာများအား လိုက်လံကြည့်ရှု အားပေးကြသည်။

အဆိုပါ ဖြိုးစေတနာ မျက်စိအထူးကုအခမဲ့ဆေးခန်း၌ မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာဦးကိုကိုသန့် ဦးဆောင်သော မျက်စိအထူးကုဆေးရုံကြီး၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးနှင့် အင်းစိန်ပြည်သူ့ ဆေးရုံကြီးတို့မှ မျက်စိအထူးကုဆရာဝန်ကြီးများက မတ် ၂၆ရက်မှစတင်၍ မျက်စိဝေဒနာရှင်ပြည်သူ ၃၁၇ဦးနှင့် ယမန်နေ့ဖွင့်ပွဲနေ့တွင် မျက်စိဝေဒနာရှင် ပြည်သူ၁၅၀တို့အား မျက်စိစမ်းသပ်ကုသပေးလျက်ရှိပြီး မျက်စိဝေဒနာရှင် ပြည်သူ ၇၃ဦးတို့အား ခွဲစိတ်ကုသပေးလျက်ရှိသည်။

အခမဲ့စမ်းသပ်

ယင်း ဖြိုးစေတနာ မျက်စိအထူးကုအခမဲ့ဆေးခန်းတွင် လူမျိုးမရွေး၊ ဘာသာမရွေး မျက်စိဝေဒနာရှင် ပြည်သူများအား တစ်ပတ်လျှင်နှစ်ကြိမ် အခမဲ့စမ်းသပ် စစ်ဆေးကုသပေးမည်ဖြစ်ပြီး တစ်ပတ်လျှင်တစ်ကြိမ် အခမဲ့ ပုံမှန်ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကာ အသေးစားခွဲစိတ်ကုသမှုများ ဆောင်ရွက်ရန်အတွက်လည်း ပြင်ဆင်ထားလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်း၍ ယနေ့အထိ ဖြိုးစေတနာအခမဲ့ဆေးခန်းပေါင်း ၁၈ခန်း ဖွင့်လှစ်နိုင်ခဲ့ပြီး ဝေဒနာရှင်ပြည်သူပေါင်း ၂၃၀၀၀၀ကျော်အား အခမဲ့ကျန်းမာရေး စောင့်ရှောက်ကုသပေးပြီးဖြစ်သည်။

အလားတူ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နာရေးကူညီမှုအသင်းကလည်း ပြည်သူများ၏ နာရေးကိစ္စအဝဝကို နိဗ္ဗာန်ယာဉ် ၁၆စီးဖြင့် အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိကြောင်းသိရသည်။ **(သတင်းစဉ်)**

စမ်းသပ်ကုသ

ကာကွယ်ရေး ဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ဖြိုးစေတနာ မျက်စိအထူးကု အခမဲ့ဆေးခန်းဖွင့်ပွဲတွင် မျက်စိဝေဒနာရှင်များအား ဆေးဝါး စမ်းသပ် ကုသနေမှုကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို လေးလေးနက်နက် တန်ဖိုးထား

တိုင်းတစ်ပါးသားကို သခင်လို့ခေါ်ပြီး ဘုရားလို့ ထူးခဲ့ရတဲ့ နယ်ချဲ့လက်အောက်က ဘဝဟာ ပြောမယုံကြုံဖူးမှ သိမယ်လို့ ဆိုရလောက်အောင် ခါးသီးခဲ့တယ်။ နှစ်ပေါင်းတစ်ရာကျော်မျှ မခံမရပ်နိုင်ဖြစ်ခဲ့ကြပြီးနောက် ဇာတိသွေး၊ ဇာတိမာန်တွေ တဖွားဖွားတက်ကြွလာတဲ့ ပြည်သူတစ်ရပ်လုံးက အသက်သွေး ချွေးမြောက်မြားစွာ ရင်းနှီးပြီးမှ လွတ်လပ်ရေးကို ပြန်လည်ရယူပေးခဲ့ကြရတာဖြစ်တယ်။ ဒါကြောင့် လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို လေးလေးနက်နက်တန်ဖိုးထားပြီး စောင့်ရှောက်ကာကွယ်ကြရမယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၃)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

တိမ်အသင့်အတင့်

နေပြည်တော်နှင့်အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၂၉ ရက်)

ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေး စွန့်လွှတ်စွန့်စားကာကွယ်ခဲ့သည့် တပ်မတော်

၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ်လ ၂၇ ရက်နေ့က နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မိန့်ခွန်းမြွက်ကြားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းမြွက်ကြားရာတွင် တပ်မတော်အစိုးရဟာ နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို မလွှဲသာမရှောင်သာ ရယူလိုက်ရပြီးနောက် အာဏာအရပ်ရပ်ကို ပြည်သူ့ထံသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် တစ်ရံမလပ် ခံယူပြီး ရည်မှန်းပြင်ဆင်ခဲ့တာဖြစ်တယ်။ အခုလို ခေတ်ပြောင်းစနစ်ပြောင်း တာဝန်ကြီးကို တပ်မတော်က စနစ်ကျန ညင်သာစွာ ထမ်းဆောင်ပေးခြင်းဟာ သမိုင်းဝင်လုပ်ငန်းတာဝန်ကြီးဖြစ်တယ် ဟူ၍ မြွက်ကြားခဲ့သည်။

တပ်မတော်သည် နိုင်ငံတော်တာဝန်ရယူပြီးနောက် အမျိုးသားစည်းလုံးညီညွတ်ရေး ပိုမိုခိုင်မြဲအောင် တည်ဆောက်ခဲ့ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်လာသည့်အတွက် ယနေ့အချိန်အခါသည် တည်ငြိမ်အေးချမ်းမှု အကောင်းဆုံးကာလ ဖြစ်သည်။

နိုင်ငံတစ်ဝန်း ကျေးလက်၊ မြို့ပြနှင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးစည်ပင်လျက်ရှိပြီး ပြည်သူများသည် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အခြေခံကောင်းများနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများ ရရှိခံစားနေကြပြီ ဖြစ်သည်။

ယခုအခါ တပ်မတော်အစိုးရသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်နေသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ စတုတ္ထအဆင့်ဖြစ်သည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူများ၏ ဆန္ဒဖြင့် အတည်ပြုနိုင်ရေး ကြိုးပမ်းဖော်ဆောင်နေချိန် ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပသွားရန် စီစဉ်ထားသည်။

တပ်မတော်သည် နိုင်ငံ့တာဝန်ကို ရယူပြီးနောက် အာဏာအရပ်ရပ်ကို ပြည်သူ့ထံသို့ ပြန်လည် လွှဲပြောင်းပေးနိုင်ရေးအတွက် ရည်မှန်းပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ ယခုလို ခေတ်ပြောင်း စနစ်ပြောင်း တာဝန်ကြီးကို တပ်မတော်က စနစ်တကျ ညင်သာစွာ ထမ်းဆောင်နေခြင်းသည်လည်း သမိုင်းဝင်လုပ်ငန်းတာဝန်ကြီးကို ဆောင်ရွက်နေခြင်းဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် ထာဝစဉ်စောင့်ရှောက်လျက်ရှိသော တပ်မတော်၏ အစဉ်အလာကောင်းနှင့်အညီ စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်ဖြစ်ရေး အမြဲမပြတ်လေ့ကျင့်ပျိုးထောင်ရင်း နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို စွန့်လွှတ်စွန့်စား ကြိုးပမ်းထမ်းဆောင်သွားနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စစ်ကိုင်းတိုင်း ဘောင်းကျကျေးရွာ၌ ရှင်အပါး ၁၀၀နှင့် သီလရှင်အပါး ၃၀ ရှင်ပြုပွဲကျင်းပ

ရန်ကုန် မတ် ၂၈

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် ဘောင်းကျကျေးရွာ၌ ရှင်အပါး ၁၀၀ ရှင်ပြုပွဲနှင့် သီလရှင်အပါး ၃၀ ရှင်ပြုပွဲအခမ်းအနားကို မတ် ၁၆ ရက်က အဆိုပါ ကျေးရွာရှိ မင်္ဂလာမဏ္ဍပ်၌ ပထမအကြိမ်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ဆရာတော် သံဃာတော်အပါး ၁၀၀ ကြွရောက်တော်မူကြပြီး အလှူရှင် မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဓမ္မကထိက ဗဟုဇနဟိတရေ ဘဒ္ဒန္တဝိမလနှင့် ခမည်းတော် ဦးစံဝင့်၊ မယ်တော်(ဒေါ်ရွှေ)မိသားစု၊အရာတော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရှင်လောင်းများ၏မိဘများ တက်ရောက် ကြည်ညိုကြသည်။

အခမ်းအနားတွင် ဘောင်းကျကျေးရွာအုပ်စု ရဲချင်းကျေးရွာ မြောက်ကျောင်းတိုက်ပဓာနနာယကဆရာတော်ဘဒ္ဒန္တရာဇိန္ဒကမင်္ဂလာတရားတော်များကို ဟောကြားချီးမြှင့်တော်မူပြီး ဆရာတော်များထံမှ သြဝါဒကထာ နာယူကြသည်။

အဆိုပါ အခမ်းအနားအတွက် အလှူရှင်ဆရာတော်နှင့် မိသားစုတို့က ငွေကျပ်သိန်း ၃၅၀ ကုန်ကျခံလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးဘေးကာကွယ်ရေးတောင်ကြီး၌ လက်တွေ့သရုပ်ပြ

ရန်ကုန် မတ် ၂၈

ပြန်ကြားရေး ဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်တောင်ကြီး၏ မီးဘေးကာကွယ်ရေးနှင့် ဝိုင်ယာရှော့ အကြောင်း သိကောင်းစရာ ဟောပြောပွဲကို တောင်ကြီးမြို့ သတင်းစာတိုက် အစည်းအဝေးခန်းမ၌ မတ် ၁၈ နံနက် ၁၀ နာရီကကျင်းပသည်။ အဆိုပါ ဟောပြောပွဲသို့ တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်စွာ၊ စာတည်း (တာဝန်ခံ အရာရှိ) ဦးနိုင်ထွန်းနှင့် ဝန်ထမ်းများ၊ဝန်ကြီးဌာနလက်အောက်ရှိဌာနအသီးသီးမှ အကြီးအကဲများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မီးသတ် ဦးစီးဌာနမှူး ဦးကျော်လွင်နှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ လက်ထောက်မန်နေဂျာ ဦးတန်ဒွဲဖုန်အောင်နှင့် စစ်ဆေးရေးမှူးများ တက်ရောက်ကြသည်။ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ခံအရာရှိ ဦးနိုင်ထွန်းက မီးဘေးကာကွယ်ရေးအတွက်ဆောင်ရွက်ထားမှုများအား ရှင်းလင်းတင်ပြသည်။

အသုံးပြုမှု

ဆက်လက်၍ ပြည်နယ်မီးသတ် ဦးစီးဌာနမှူး ဦးကျော်လွင်က မီးဘေး ကာကွယ်မှု အဆင့်ဆင့်နှင့် မီးသတ် ဆေးဘူးအသုံးပြုမှုကို လည်းကောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းများမှ ဝိုင်ယာရှော့ဖြစ်ပွားနိုင်မှု အခြေအနေ အမျိုးမျိုးကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။ **(အပေါ်ယာပုံ)**ဆက်လက်၍ မြို့နယ် မီးသတ် တပ်ဖွဲ့မှစခန်းမှူး ဦးစန်းချိုနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကိုယ်ပွားသတင်းစာတိုက်၊ တောင်ကြီး အရန် မီးသတ်တပ်စိတ်မှ ဝန်ထမ်းများ ပူးပေါင်းပြီး မီးသတ် ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းအား ဇာတ်တိုက် လေ့ကျင့်ပြီးနောက် ဝန်ထမ်းအိမ်ရာတွင်မီးသတ်ယာဉ်ဖြင့် ရေဖျန်းမီးငြိမ်း သတ်မှုအား လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြောင်းသိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၉-၃-၂၀၀၈
(စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၅	၄။	ကျန်းမာသုတ
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁၂း၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲ တူယှဉ်နွဲ
၄း၁၅	၄။	မြန်မာသံစဉ် ချိုနှားဝင်
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၅၀	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၇။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၁။	အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅	၁၂။	လျှပ်တစ်ပြက်
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း-၈)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	လူရွှင်တော်ရွှေဖလား
	၁၈။	English Usage
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စည်းခြားထားသောအချစ်** (အပိုင်း-၁၈)

သာကေတမြို့နယ်၌ သွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၈

ရန်ကုန် အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက နှစ်စဉ်မဟာသင်္ကြန်အကြို သွေးလှူဒါန်းပွဲကို ကျင်းပခဲ့ရာ ယခုနှစ်တွင်လည်း သင်္ကြန်ရက်အတွင်း ဆေးကုသမှုခံယူသည့် လူနာများ သွေးအခက်အခဲ မရှိစေရေးအတွက် ယခုနှစ်တွင်ဗဟိုအမျိုးသမီးဆေးရုံကြီး၌ သွေးလှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၆ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။ မည်သူမဆို ပါဝင်သွေးလှူဒါန်းနိုင်ပြီး မြို့နယ် အသင်းရုံးမှ နံနက် ၈နာရီတွင် မော်တော်ယာဉ်ဖြင့် ကြိုပို့ခြင်းဆောင်ရွက်ပေးမည် ဖြစ်ကြောင်းသိရသည်။ (က-ပ)

နက္ခတ်ဗေဒင် ပညာရှင်များ သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၈

နက္ခတ်ဗေဒင်လက္ခဏာ ပညာရှင်(ရန်ကုန်)အဖွဲ့ကကြီးမှူး၍ ဒသမ အကြိမ်မြောက် အသက်(၇၀)နက္ခတ်ဗေဒင်လက္ခဏာပညာရှင် သက်ကြီးပူဇော်ကန်တော့ပွဲနှင့် ဆရာ၊ ဆရာမများ မိတ်ဆုံစားပွဲကို မတ်၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် အာရုံခံ တန်ဆောင်း၌ ကျင်းပမည် ဖြစ်ရာ အပူဇော်ခံ သက်ကြီး နက္ခတ်ဗေဒင် လက္ခဏာ ပညာရှင် ဆရာကြီး၊ ဆရာမကြီး ၂၆ဦးရှိပြီး နက္ခတ်ဗေဒင် ပညာရှင်များ အနေဖြင့် ထောက်ပံ့လှူဒါန်းလိုပါက ပူဇော်ပွဲဖြစ်မြောက်ရေး နက္ခတ်ဗေဒင် လက္ခဏာပညာရှင် အဖွဲ့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အမရဝတီကျောင်းတိုက် သင်္ကြန်တွင်းတရားစခန်း

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်စံပြကျေးရွာ အမရဝတီ ကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရေဝတ(ပြည်တွင်းပြည်ပ သာသနာပြု) ဦးဆောင်၍တပည့်ဒါယကာဒါယိကာမအပေါင်းတို့က ပဥ္စမအကြိမ် အမရဝတီကျောင်းတိုက် သင်္ကြန်တွင်းတရားစခန်းကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။ သင်္ကြန်တွင်းတရားစခန်းတွင် အရှင်ပညာနန္ဒ(သီတဂူ ကြယ်တစ်ပွင့်)ဘဒ္ဒန္တဥတ္တမ၊ ဘဒ္ဒန္တတိလောကတို့၏ ဓမ္မသဘင်ပွဲများကို ညစဉ် ဆင်ယင်ကျင်းပမည်ဖြစ်ရာ ဒုလ္လဘတရားစခန်းဝင်လိုသူများနှင့် ကုသိုလ်ပါဝင် လှူဒါန်းလိုသူများသည် ဝိမုတ္တိသုခစံကျောင်းဆရာတော်ဘဒ္ဒန္တဝိသုဒ္ဓ ဖုန်း- ၀၉-၉၉-၇၁၁၇၁၊ အမရဝတီသာသနာ့ရက္ခိတအဖွဲ့ ဖုန်း-၀၁-၅၇၂၆၃၈၊ ၀၉-၅၁-၉၄၇၆၅၊ ၀၉-၅၀-၀၀၈၃၈၊ ၆၆၀၈၁၆ တို့သို့ ကြိုတင် ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲ ဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် မတ်လ ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် မြန်မာနိုင်ငံဂေါက်ကွင်း ၉မိုင်၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင် ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြိတ်ကြိတ်တိုးနေသည့် သင်္ကြန်အကြို ပိုလ်ချုပ်ဈေး ဈေးရောင်းပွဲတော်

သတင်း၊မြင်ကွင်း–မိုးမြင့်လင်းလက်၊ ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု – သန်းဇော်

ရန်ကုန် မတ် ၂၈

သင်္ကြန်အကြို ဗိုလ်ချုပ်ဈေး ဈေးရောင်းပွဲတော်ကို မတ်၂၈ရက် နံနက် ၉နာရီက စတင်ဖွင့်လှစ်ရောင်းချနေပြီဖြစ်ပါတယ်။ မတ်၂၈ရက်မှ ဧပြီ ၁ရက်အထိ ခင်းကျင်းရောင်းချနေတဲ့ ဒီဈေးပွဲတော်မှာ ဈေးဝယ်သူတွေ ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိပါတယ်။

စိတ်တိုင်းကျ

ဗိုလ်ချုပ်ဈေးရဲ့ မျက်နှာစာတန်းမှာ အထည်ဆိုင်တွေ၊ အမျိုးသမီး အလှအသုံးအဆောင်ပစ္စည်းဆိုင်တွေ၊ အသင့်ချုပ် အဝတ်အထည်ဆိုင်တွေဟာ ဝယ်သူတွေနဲ့ စည်ကားနေသလို အထူးဈေးနှုန်းတွေနဲ့ ရောင်းချနေတာမို့ ဝယ်သူတွေ စိတ်တိုင်းကျ အားပေးနေကြတာ တွေ့ရပါတယ်။

ဖွင့်လှစ်ပေး

သင်္ကြန်အကြို ဗိုလ်ချုပ်ဈေး ဈေးပွဲတော်ကို တာဝန်ရှိသူများက ဤသို့ ဖွင့်လှစ်ပေးကြသည်။

အထူးရောင်းချပေးနေတာကတော့ သင်္ကြန်ပွဲတော်အတွက် အသင့်ချုပ် ဒီဇိုင်းစုံ အဝတ်အစားနဲ့ ဘောင်းဘီတွေပါပဲ။ သင်္ကြန်အဝတ်အထည်တွေချည်း ရောင်းချနေတဲ့ဆိုင်အတွင်း လှေလာတဲ့အခါ စပို့ရှပ်နဲ့ တီရှပ်အင်္ကျီတွေကို တစ်ထည် ကျပ်၁၀၀၀၊ ၁၅၀၀နဲ့ ရောင်းချနေတာတွေ့ရပါတယ်။

စည်ကား

Kohkae အရောင်းဆိုင်မှာတော့ အရန်သင့်စားသုံးနိုင်တဲ့ ရေညှိစနက်၊ ကြက်ဥမြေပဲ၊ သီဟိုဠ်စေ့၊ ငါးအသားချောင်းကြော်တွေကို ထုပ်ပိုးမှုကောင်းကောင်းနဲ့ ရောင်းချပေးနေပြီး အထူးဈေးနှုန်း သတ်မှတ်ပေးထားတာကြောင့် ဝယ်သူတွေ စည်ကားလှပါတယ်။

ဒါ့အပြင် ကိုရီးယားဂျင်ဆင်းဆေး အရောင်းဆိုင်မှာလည်း ဂျင်ဆင်းဆေးရည်၊ ဂျင်ဆင်းဆေးပြားတွေကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးနေသလို ဖက်ရှင်ဆိုင်တွေကလည်း အဝတ်အထည်ဈေးနှုန်းတွေကပ်ပြီး အော်ဟစ်ရောင်းချနေတာမို့ ဝယ်သူတွေအကြိုက်တွေ့နေတဲ့ အရောင်းဆိုင်တွေ ဖြစ်ပါတယ်။

ဝယ်ယူ

အစားအသောက်ဆိုင်တွေဆိုရင်လည်း ဖရက်ရှ်အပ်အချိုရည်၊ အသားနဲ့ ငါးချောင်းကြော်ဆိုင်တွေက ဈေးနှုန်းချိုသာစွာ ရောင်းပေးနေတာကြောင့် ဈေးဝယ်သူတွေ လတ်ဆတ်တဲ့ပစ္စည်းတွေကို အလွယ်တကူဝယ်ယူလို့ ရနေပါတယ်။

ဈေးပွဲတော်ရဲ့အတွင်းပတ်လမ်းတွေမှာလည်း ဖိနပ်ဆိုင်၊ အထည်ဆိုင်နဲ့ လူ့အသုံးအဆောင်ပစ္စည်းဆိုင်တွေနဲ့ တိုးမပေါက်အောင် စည်ကားနေပါတယ်။ အထူးသဖြင့် ဂျင်းဘောင်းဘီနဲ့ သင်္ကြန်ပွဲတော် အဝတ်အထည်တွေကတော့ အရောင်းရဆုံးပစ္စည်းတွေ ဖြစ်ပါတယ်။

သင်္ကြန်အကြို ဗိုလ်ချုပ်ဈေး ဈေးရောင်းပွဲတော်ဟာ သင်္ကြန်ပွဲတော်ကာလအတွင်းမှာ ဝတ်စားဆင်ယင်ဖို့၊ အလှပြင်ဖို့၊ လိုအပ်တဲ့ အသုံးအဆောင်ပစ္စည်းတွေ ဦးစားပေးရောင်းချနေတာမို့ ဝယ်သူတွေနဲ့စည်ကားသိုက်မြိုက်လျက်ရှိနေပါကြောင်း သတင်းမြင်ကွင်း ဖော်ပြလိုက်ရပါတယ်။ ။ **(မြန်မာ့အလင်း)**

စည်ကား

ဗိုလ်ချုပ်ဈေး ဈေး ပွဲ တော်တွင် ဝယ်ယူသူများဖြင့် ဤသို့ စည်ကား လျက်ရှိသည်။

သင်္ကြန်တွင်း တရားစခန်းများဖွင့်မည်

ကန်တော်ကလေး ၉၃ လမ်းဓမ္မာရုံ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရန်ကုန်မြို့ ကန်တော်ကလေး ၉၃ လမ်း ဓမ္မာရုံ တရားပွဲများကို ဧပြီ ၁ ရက်မှ ၃ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဧပြီ ၁ ရက်တွင် ဒေါက်တာအရှင်ဣန္ဒက(Ph.D) ပါမောက္ခ (သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ ရန်ကုန်အဘိဓမ္မာမဟာသိပ္ပံ) ဆရာတော်၊ ဧပြီ ၂ ရက်တွင် ဒေါက်တာ ဝေဠုရိယ ဉာဏာလင်္ကာရ (Ph.D) ပါမောက္ခ (သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ လက်ထောက် မော်ကွန်းထိန်း) ဆရာတော်၊ ဧပြီ ၃ ရက်တွင် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt., Ph.D) သပိတ်အိုင်ဆရာတော်တို့က ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

မဟာစန္ဒာရုံကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယကိုခံယူကာ မဟာဂန္ထဝါစကပဏ္ဍိတ သာသနဓဇ ဓမ္မာစရိယ (LL.B) ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘဒ္ဒန္တစန္ဒောဘာသက ပဋိစ္စသမုပ္ပါဒ်တရား အခြေခံထားပြီး ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဝိပဿနာအလုပ်ပေးတရားတော်များကို ဧပြီ ၁၁ ရက် (သောကြာနေ့)မှ ၁၇ရက် (ကြာသပတေးနေ့)အထိ ခုနစ်ရက်တိုင်တိုင်ဟောကြားမည်ဖြစ်ရာ ဧပြီ ၁၀ ရက်တွင် မဟာစန္ဒာရုံကျောင်း အမှတ်(၃)ဝိုင် ပါရမီကျောင်းတိုက် တောင်ဥက္ကလာပမြို့နယ်သို့ အရောက်လာရောက်ရမည်ဖြစ်ရာ တရားနာ၊ တရားအားထုတ်လိုသော ယောဂီများ ကြိုတင်စာရင်းပေးသွင်းကြရမည်ဖြစ်သည်။

မိုးကောင်းအရိယာဓမ္မာရုံ

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း၏ အရိယာဓမ္မာရုံကြီးတွင် မိုးကောင်းကျောင်းတိုက်မှ ပဓာနနာယကဆရာတော် ဦးဝိလာသက သင်္ကြန်အကြိုနေ့တွင်လည်းကောင်း၊ ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ် ကမ္မဋ္ဌာနာစရိယ ဓမ္မာစရိယ မိုးညှင်းအရှင်ဣန္ဒက ဆရာတော်က သင်္ကြန်အကျနေ့တွင်လည်းကောင်း၊ ရန်ကင်းနိမိတ္တာရုံကျောင်းတိုက်မှ အရှင်ဣန္ဒောဘာသက သင်္ကြန်ပထမအကြတ်နေ့တွင်လည်းကောင်း၊ မြောက်ဥက္ကလာပဝိဇ္ဇာမဂ္ဂင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အရှင်ကောဝိဒက ဒုတိယအကြတ်နေ့တွင်လည်းကောင်း၊ ရန်ကင်း မေဒိနီကျောင်းတိုက်မှ မဟာဂန္ထဝါစကပဏ္ဍိတဓမ္မာစရိယ စာချဆရာတော် ဘဒ္ဒန္တဝိလာသက သင်္ကြန်အတက်နေ့တွင်လည်းကောင်း၊ ရန်ကင်း မဟာဗောဓိကျောင်းတိုက် တိုက်အုပ်ဆရာတော် ဓမ္မာစရိယ အရှင်နန္ဒက က နှစ်ဆန်း ၁ ရက်နေ့တွင်လည်းကောင်း နေ့စဉ်မွန်းလွဲ၂နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က–ပ)**

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ဆန်လုံးညို စားသုံးခြင်းဖြင့် ဆီးချိုကာကွယ်နိုင်

စပါးကို အာရှနိုင်ငံအများအပြား၌ စိုက်ပျိုးဖြစ်ထွန်းသည်။ စပါးမှရရှိသော ဆန်များအနက် ဆန်လုံးညိုကို စားသုံးသူအရေအတွက် လွန်စွာနည်းပါးသည်။ ဆန်လုံးညိုစားသုံးပါက လူတို့ကျန်းမာရေးကို များစွာအကျိုးပြုကြောင်း သုတေသနပညာရှင်များက ပြောကြားထားသည်။

အများဆုံးပါဝင်

ဆန်လုံးညိုတွင် မင်းဂနိစ်၊ မဂ္ဂနီဆီယမ်၊ စီလီယမ်၊ ကယ်လိုရီဓာတ်များ ပါဝင်သည်။ အများဆုံးပါဝင်သော ဓာတ်မှာ မင်းဂနိစ်ဖြစ်ပြီး ၈၈ရာခိုင်နှုန်း ပါဝင်သည်။ ဒုတိယအများဆုံးပါဝင်သည့် ဓာတ်မှာ စီလီယမ်ဓာတ် ဖြစ်သည်။

ဆန်လုံးညိုကို တစ်နေ့လျှင် ၂၂ဂရမ် နေ့စဉ်စားသုံးသွားပါက ခန္ဓာကိုယ်အတွင်း ကိုလက်စထရော ကျဆင်းစေပြီး ဆီးချိုရောဂါဖြစ်ပွားမှုကိုလည်း ကာကွယ်ပေးနိုင်သည်။ ဆန်လုံးညိုတွင် ပါဝင်သော ဓာတ်များက ခန္ဓာကိုယ်တွင် ဂလူးကို့စ်နှင့် အင်ဆူလင်ထုတ်ပေးမှုကို မျှတအောင် ဆောင်ရွက်ပေးနိုင်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

သုတေသနပြု

ဆန်လုံးညိုစားသုံးသူ ၄၁၁၈၆ဦးကို ရှစ်နှစ်အတွင်း လေ့လာ သုတေသနပြုခဲ့ရာ နှလုံးရောဂါ၊ ဆီးချိုရောဂါတို့အပြင် အူမကြီးကင်ဆာလည်း ဖြစ်ပွားမှုမရှိကြကြောင်း၊ ပုံမှန်စားသုံးသူ အမျိုးသမီးများတွင် ရင်သားကင်ဆာ မဖြစ်ပွားကြောင်း ၎င်းတို့က ပြောကြားသည်။

မြန်မာ့ရုပ်မြင်သံကြား

၂၉–၃–၂၀၀၈ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ **ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ** မင်းမော်ကွန်း၊ လွင်မိုး၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး၊ ဝွမ်းပုံ၊ ဇော
၇:၅၀ ၅။ အကပြိုင်ပွဲ
၈:၀၀ ၆။ တေးဂီတအစီအစဉ်
၈:၁၀ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ တရားမမေ့သူ
၈:၃၀ ၈။ International News
၈:၄၅ ၉။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၂၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"စစ်သူကြီးဆွန်ကြီး"** (အပိုင်း–၁၅)
၁၄:၀၀ ၆။ နမ္မတီးတံတား(ကံလှ)
၁၄:၁၀ ၇။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၄:၂၀ ၈။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၄:၃၀ ၉။ International News
၁၄:၄၅ ၁၀။ မူဟန်သွယ်သွယ် ဆိုကြမယ် "ရှေးရေစက်"
၁၅:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၅ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄:၄၀ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄:၅၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၆။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၁၀ ၇။ မြန်မာ့လေ့ရိုးရာလက်ဖွဲ့
၅:၃၀ ၈။ ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ အလှရှာမယ်လှကမ္ဘာဝယ်
၆:၅၅ ၁၂။ **ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာ အားကိုးကြ** ခန့်စည်သူ၊ ဖြိုးငွေစိုး၊ ဝိယ၊ ပုလဲဝင်း၊ ဖူးစုံ၊ သဇင်
၇:၂၀ ၁၃။ တေးဂီတအစီအစဉ်
၇:၃၀ ၁၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ တေးဂီတအစီအစဉ်
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာထောင်ချောက်** (အပိုင်း–၁၁)
၂၀။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

အိန္ဒိယနိုင်ငံ တောင်ပိုင်း ဟိုက်ဒရာဘတ်မြို့ ဆင်ခြေဖုံးရှိ သစ်သီးဝလံဈေးကြီးတွင် သရက်သီးများ အမြောက်အမြားခင်းကျင်း ရောင်းချနေသည်ကို မတ်၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

လေကြောင်းတိုက်ခိုက်မှု ကာကွယ်ရေးစနစ် ဘီလာရုစ်က ဗင်နီဇွဲလားကို ကူညီပေးမည်

မော်စကို မတ် ၂၈

ဘီလာရုစ်နိုင်ငံသည် ဗင်နီဇွဲလားနိုင်ငံအား လာမည့်ခြောက်နှစ်ကျော်အတွင်း လေကြောင်းတိုက်ခိုက်မှု ကာကွယ်ရေးစနစ်ထူထောင်ရာတွင် ကူညီပေးမည်ဖြစ်ကြောင်း ဘီလာရုစ် ဒုတိယကာကွယ်ရေးဦးစီးချုပ်က မတ်၂၆ရက်တွင် ပြောကြားလိုက်သည်။

ဖော်ပြ

မိမိတို့သည် ဗင်နီဇွဲလားနိုင်ငံအား ခြောက်နှစ်တာကာလအတွင်း လေကြောင်းတိုက်ခိုက်မှု ကာကွယ်ရေးစနစ်နှင့် သင်တန်းများပေးသွားရန် စီစဉ်ထားကြောင်း တီခိုနော့ဗ်စကီးက ပြောကြားသည်ကို အင်တာဖက်စ်သတင်းဌာနက ကိုးကားဖော်ပြသည်။

ယခုနှစ်တွင် ဘီလာရုစ်နိုင်ငံက ဗင်နီဇွဲလားနိုင်ငံသို့ စစ်ဘက်အကြံပေးအရာရှိ ၁၀ဦး စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း ၎င်းဗိုလ်ချုပ်ကြီးက ပြောကြားသည်။

ပြောကြား

ဗင်နီဇွဲလားနိုင်ငံ၌ လေကြောင်းတိုက်ခိုက်မှု ကာကွယ်ရေးစနစ် ထူထောင်လိုက်ခြင်းဖြင့် လက်တင်အမေရိက၏ လက်နက်ရောင်းချရေး ဈေးကွက်သို့ ဝင်ရောက်ခြင်းပင်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ဝယ်ယူ

ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်ဇ်သည် ယင်းနိုင်ငံ၏ စစ်အင်အားကိုတိုးချဲ့ရန် ရုရှားနိုင်ငံမှ လေယာဉ်နှင့် လက်နက်များ ဝယ်ယူထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗြိတိန်စစ်ဘက်က ကျောင်းများတွင် ဝါဒဖြန့်မှု စစ်သားစုဆောင်းခြင်းဟု ဆရာများက စွပ်စွဲ

လန်ဒန် မတ် ၂၈

ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနသည် အီရတ်နှင့် အာဖဂန်နစ္စတန် စစ်ပွဲများတွင် လူမှုဝန်ထမ်းများအဖြစ် ခန့်ထားရန်ခက်ခဲသည့်ပြဿနာကို ဖြေရှင်းသည့်အနေဖြင့် စစ်သားသစ်စုဆောင်းရေးအတွက် ကျောင်းများကို အကျိုးရှိရှိ အသုံးချလာကြောင်း ဆရာများက မတ် ၂၅ရက်တွင် စွပ်စွဲ ပြောကြားလိုက်သည်။

စည်းရုံး

စစ်ဘက်ဝန်ထမ်းများသည် ကျောင်းများသို့ ဧည့်သည်အဖြစ်လာရောက်လျက် ပြောက်ကျားတစ်ဦး၏အမြင်ဖြင့် စစ်သားတစ်ဦးမှာ အချိန်မရွေး အသက်အန္တရာယ်ထိခိုက်နိုင်သည့် အခြေအနေကို ဖျောက်လျက် စစ်သားတစ်ဦး စွန့်စားလျှင်ဖြစ်လာနိုင်သည့် အကျိုးဆက်အလားအလာ၊ လေ့ကျင့်မှုနှင့် ခရီးထွက်ရခြင်းတို့ကို အသားပေးစည်းရုံးခဲ့ကြောင်း ယင်းနိုင်ငံဆရာများအဖွဲ့ကပြောကြားခဲ့သည်။

ပြောကြား

ကျောင်းများတွင် ထိုကဲ့သို့ ဝါဒဖြန့်မှုမျိုး သို့မဟုတ် စစ်သားသစ်စုဆောင်းသည့်လုပ်ရပ်မျိုး မလုပ်ဆောင်သင့်ကြောင်း မန်ချက်စတာမြို့တွင် ကျင်းပသော ဆရာများအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ အစည်းအဝေးတွင် ဆရာများက ထိုကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

တစ်ဖက်သတ်

စစ်ဘက်ဆိုင်ရာများက မိမိတို့၏တပည့်များအားပေးသော သတင်းအချက်အလက်များမှာ တစ်ဖက်သတ် သတင်းများသာဖြစ်ကြောင်း လန်ဒန်မြို့ တောင်ပိုင်းမှ ဆရာမတစ်ဦးဖြစ်သူ ကက်သရင်းဘရီမန်က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ရာသီဥတု ပြောင်းလဲမှုကြောင့် အန္တာတိကတိုက်တွင် ရေခဲစိုင်ကြီးပြိုကျမှုနှင့် ကြုံတွေ့နေရ

ဝါရှင်တန် မတ် ၂၈

အန္တာတိကတိုက်၏ လျင်မြန်စွာပူနွေးလာသော ဒေသများတွင် ရာသီဥတု အပြောင်းအလဲ မြန်ဆန်မှုကြောင့် ယင်းတိုက်၏ ဝီလ်ကင်ရေခဲစိုင်ကြီးမှာ အရည်ပျော်ပြိုကျစပြုနေခဲ့ပြီး ရွေ့လျားနေသည့်ပုံရိပ်များကို အမေရိကန်ဂြိုဟ်တုများက ရိုက်ကူးခဲ့သည်များအား ပြသခဲ့ကြောင်း အမေရိကန်အမျိုးသား နှင်းနှင့်ရေခဲ အချက်အလက်ဆိုင်ရာ ဗဟိုဌာနက မတ်၂၅ရက်၌သတင်းထုတ်ပြန်ခဲ့သည်။

ပြောကြား

လောလောဆယ် ရေခဲအရည်ပျော်ပြိုကျမှုသည် စတုရန်းမိုင် ၁၆၀ရှိကြောင်း၊ ဝီလ်ကင်ရေခဲစိုင်ကြီး၏ စတုရန်းမိုင် ၅၀၀၀ ရှိသော အကြီးဆုံး အစိတ်အပိုင်းကြီးမှာ ကျွန်းနှစ်ကျွန်းကြားရှိ ရေခဲစိုင်ကြီးဖြစ်ပြီး တဖြည်းဖြည်း ပျော်ကျမှုကြောင့် ဧရိယာကျဉ်းမြောင်းလာပြီဖြစ်ကြောင်း ၎င်းဌာန၏အကြီးအကဲ သိပ္ပံပညာရှင် တက်စကမ်ဘိုဲ့စ်က ပြောကြားခဲ့သည်။

ကြုံတွေ့

လွန်ခဲ့သည့် နှစ်ငါးဆယ်အတွင်းက အန္တာတိက အနောက်ပိုင်း ကျွန်းဆွယ်ဒေသသည် ဆယ်စုနှစ်တစ်ခုလျှင် အပူချိန် ဝဒသမ၉ဒီဂရီဖာရင်ဟိုက် မြင့်တက်လာမှုကို ကြုံတွေ့ခဲ့ရသည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နာဆာအကြီးအကဲ ရာထူးမှနုတ်ထွက်

ဝါရှင်တန် မတ် ၂၈

အမေရိကန် အာကာသ အေဂျင်စီ (နာဆာ)၏ သိပ္ပံဆိုင်ရာ အကြီးအကဲသည် ယင်းရာထူးတွင် တစ်နှစ်မျှတာဝန်ထမ်းဆောင်ပြီးနောက် မတ် ၂၆ရက်က ရာထူးမှ နုတ်ထွက်ခဲ့ကြောင်း၊၎င်း၏ရုတ်တရက်နုတ်ထွက်မှုနှင့်ပတ်သက်ပြီးအမေရိကန်အာကာသ အေဂျင်စီအနေဖြင့် အကြောင်းပြချက်ပေးခဲ့ခြင်းမရှိကြောင်း သတင်းတွင် ဖော်ပြသည်။

နုတ်ထွက်

ဂြိုဟ်ဆိုင်ရာသိပ္ပံပညာရှင် အလန်စတန်းသည် သိပ္ပံခရီးစဉ်ဆိုင်ရာဦးစီးဌာန တွဲဖက်စီမံခန့်ခွဲရေးမှူး အဖြစ်မှ နုတ်ထွက်ခဲ့ကြောင်း အမေရိကန် အာကာသ အေဂျင်စီက ပြောကြားသည်။

ထုတ်ပြန်

လွန်ခဲ့သော ရက်သတ္တပတ်က နာဆာ၏ ဦးစီးသိပ္ပံခရီးစဉ်များအနက် တစ်ခုဖြစ်သည့် မားစ်ဂြိုဟ်ရှာဖွေရေး အစီအစဉ်ကို ကယ်လီဖိုးနီးယားရှိ ဂျက်လေယာဉ် မောင်းနှင်မှုဆိုင်ရာ သုတေသနဌာနက အသုံးစရိတ်ဖြတ်တောက်ရန် ညွှန်ကြားချက်ကို နာဆာက ပယ်ဖျက်ပြီး နောက်တစ်နေ့တွင် ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဗန်ကောက်မြို့ အရှေ့တောင်ဘက် မိုင် ၁၉၀ အကွာ ချန်ကာဘူရီရှိ ပင်လယ်ရေသတ္တဝါပြခန်းတွင် ရှားပါးတရုတ်လင်းပိုင် တစ်ကောင်အား မတ် ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

နားမထောင်ကြဘူး ....

ပုဂ္ဂလိကဆေးခန်းအတွင်းသို့ အသက် ၄၀ အရွယ် အမျိုးသမီးတစ်ဦး ရောက်ရှိလာပြီး ဆရာဝန်အား အကူအညီတောင်းလေသည်။

အမျိုးသမီး ။ ။ဒေါက်တာ... ကျွန်မကို ကူညီပါဦး။

ဒေါက်တာ ။ ။ဟုတ်ကဲ့ပြောပါ။

အမျိုးသမီး ။ ။ကျွန်မကိုအိမ်မှာ ဘယ်သူမှဂရုမစိုက်ကြဘူး၊ ကျွန်မပြောတာတွေကို ဘယ်သူမှ နားမထောင်ကြဘူး။

ဒေါက်တာ ။ ။အင်း... အိမ်သားတွေအနေနဲ့ဒီလိုတော့ မဖြစ်သင့်ဘူး။ ဒီတော့ သူတို့ကို ဘာမှမပြောဘဲနေလိုက်ပေါ့ဗျာ။

အမျိုးသမီး ။ ။မပြောဘဲမနေနိုင်ဘူး၊ ပြောရမှာပဲ။

ဒေါက်တာ ။ ။ဒါနဲ့... ဘာတွေကို အစ်မကြီးက ပြောလို့လဲ...

အမျိုးသမီး ။ ။ကျွန်မက တွေ့ရမြင်ရာတွေ နေ့ညမအိပ်ဘဲ ၂၄ နာရီလုံး ပြောနေတာ...

ဒေါက်တာ ။ ။"ဗျာ"

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ပြင်သစ်၌ ရေခဲသေတ္တာအတွင်း ကလေးအလောင်းတွေ့ရှိ

ပါရီ မတ် ၂၈

ပြင်သစ်နိုင်ငံတွင် ဇနီးမောင်နှံနှစ်ဦး၏ ရေခဲသေတ္တာအတွင်း၌ မကြာမီက မွေးဖွားခဲ့သော ၎င်းတို့၏ ကလေးအလောင်းကို အဘိုးဖြစ်သူကတွေ့ရှိခဲ့ပြီးနောက် မိဘနှစ်ပါးအား ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း မတ် ၂၅ရက်ကရိုက်တာသတင်းတွင်ဖော်ပြသည်။

ယခုဖြစ်ရပ်သည် လွန်ခဲ့သော နှစ်နှစ်တာကာလအတွင်း ပြင်သစ်နိုင်ငံတွင်လေးကြိမ်မြောက် ကလေးသတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းသတင်းတွင် ဖော်ပြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဂျာဂွာနှင့် လင့်ရိုဗာဇိမ်ခံကားများ အိန္ဒိယကုမ္ပဏီ ထုတ်လုပ်မည်

မွမ်ဘိုင်း မတ် ၂၈

အိန္ဒိယနိုင်ငံ၏ ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် တာတာမော်တော်လီမိတက်သည် ဇိမ်ခံကား အမှတ်တံဆိပ်များဖြစ်သည့် ဂျာဂွာနှင့် လင့်ရိုဗာတို့က အမေရိကန်ကားကုမ္ပဏီ ဖို့ဒ်မော်တော်ကော်ပိုရေးရှင်းမှ အမေရိကန်ဒေါ်လာ ၂ဒသမ၃ ဘီလီယံဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီများက မတ် ၂၆ရက်တွင် ပြောကြားသည်။

မိမိတို့အနေဖြင့် ထိုကားအမှတ်တံဆိပ်နှစ်ခုကို တန်ဖိုးထားကြောင်း၊ ယင်းတံဆိပ်များဖြင့် ကားများဆက်ထုတ်သွားလိုကြောင်း တာတာမော်တော်ကား ကုမ္ပဏီဥက္ကဋ္ဌ ရာတန်တာတာက ပြောကြားသည်။

ထုတ်လုပ်သွားမည်

တာတာမော်တော်ကား ကုမ္ပဏီသည် အိန္ဒိယနိုင်ငံ၏ ထိပ်တန်း ကားကုမ္ပဏီကြီး ဖြစ်သည်။ ဘတ်စ်ကားနှင့် ကုန်တင်ကားများ အဓိကထုတ်လုပ်နေသည်။ ဖို့ဒ်ကုမ္ပဏီနှင့် အပြီးသတ်ဆွေးနွေးပြီးလျှင် ဗြိတိန်၌ အခြေစိုက်ထုတ်လုပ်နေသော ဂျာဂွာနှင့် လင့်ရိုဗာကားများ အိန္ဒိယနိုင်ငံ၌ ထုတ်လုပ်သွားမည်ဟုဆိုသည်။

ဖို့ဒ်ကုမ္ပဏီသည် ဂျာဂွာနှင့် လင့်ရိုဗာကားများ ထုတ်လုပ်ရောင်းချရာတွင် အရှုံးပေါ်နေကြောင်း၊ ၂၀၀၆ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆ဘီလီယံနှင့် ၂၀၀၇ခုနှစ်တွင် ၂ဒသမ၇ဘီလီယံ အရှုံးပေါ်နေကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

■ **အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)ရှိ ဒူဘိုင်းမြို့တွင် မတ် ၂၈ရက်က ခဲယမ်းမီးကျောက်များထားရှိသည့် ကုန်လှောင်ရုံတစ်ခု မီးလောင်ပေါက်ကွဲခဲ့ရာ တစ်ဦး သေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့သည်။**

➢ တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ် မူလီစီရင်စုရှိ ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင်တစ်ခု၌ မတ် ၂၇ ရက်က တူးမြောင်းတစ်ခု တူးဖော်စဉ် အဆိပ်ဓာတ်ငွေ့များ ရှူရှိုက်မိခဲ့သဖြင့် ကိုးဦးသေဆုံးခဲ့ရသည်။

■ **ဘရာဇီးနိုင်ငံအရှေ့မြောက်ပိုင်းဒေသတစ်ခု၌ မတ် ၂၇ရက်က ရှေးခေတ်မိကျောင်းတစ်ကောင်၏ အရိုးစုများကို တွေ့ရှိခဲ့ရာ အဆိုပါ မိကျောင်းသည် လွန်ခဲ့သည့်နှစ်ပေါင်း ၆၂သန်းက အသက်ရှင်သန် ကျက်စားခဲ့သော မိကျောင်းတစ်ကောင်၏ အရိုးစုဖြစ်သည်ဟု သုတေသနပညာရှင်များက ခန့်မှန်းသည်။**

➢ နော်ဝေနိုင်ငံ အဲလီဆန်မြို့တွင် မတ် ၂၈ရက်က လူနေအဆောက်အအုံတစ်ခု ပြိုကျခဲ့ရာ ငါးဦးသေဆုံးခဲ့သည်။

■ **အီရန်နိုင်ငံအနောက်တောင်ပိုင်း ဒီဒတ်နှင့် အီဇက်မြို့များအကြား ဆက်သွယ်ထားသော မော်တော်ကားလမ်းပေါ်၌ မတ် ၂၇ ရက်က မော်တော်ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်ခဲ့ရာ ၂၇ ဦး သေဆုံးခဲ့သည်။**

➢ ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ကွျမ်ဘင်ပြည်နယ် ကွမ်နင်ခရိုင်အတွင်း မြစ်တစ်ခု၌ မတ် ၂၈ရက်က စက်လှေတစ်စင်းနစ်မြုပ်ခဲ့ရာ ခြောက်ဦး သေဆုံးခဲ့သည်။

■ **ယူဂန္ဒာနိုင်ငံ ကမ်ပါလာမြို့မြောက်ဘက် မိုင် ၈၀အကွာ ကျေးရွာတစ်ရွာ၌ မတ်၂၇ ရက်ညက ကျားတစ်ကောင် ဝင်ရောက်သောင်းကျန်းမှုကြောင့် ကျေးရွာသားနှစ်ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။**

➢ တရုတ်နိုင်ငံ ကျီကျင်းပြည်နယ် နန်ဘိုမြို့ဆိပ်ကမ်း၌ မတ် ၂၇ ရက်က ကုန်တင်သင်္ဘောတစ်စင်း မြစ်ကူးတံတားနှင့် တိုက်မိရာ တံတားကျိုးကျခဲ့ပြီး သင်္ဘောသားလေးဦး ပျောက်ဆုံးနေသည်။ **(အောက်ပုံ)**

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၈–၃–၂၀၀၈

(၁၃)ကြိမ်မြောက် ရေနံနှင့် ဓာတ်ငွေ့ကွန်ဖရင့် မလေးရှားက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

(၁၃)ကြိမ်မြောက်အာရှရေနံနှင့်ဓာတ်ငွေ့ကွန်ဖရင့်(အေအိုဂျီစီ)ကို မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း မလေးရှားစွမ်းအင်ဆိုင်ရာ အရာရှိများက ပြောကြားသည်။

အဆိုပါကွန်ဖရင့်ကို ကွာလာလမ်ပူ၌ ဇွန် ၈ရက်မှ ၁၀ရက်အထိ ကျင်းပမည်ဖြစ်ပြီး အာရှနိုင်ငံများမှ ကိုယ်စားလှယ် ၁၀၀၀ခန့် တက်ရောက်ကြမည် ဖြစ်သည်။

တရုတ်နှင့်ရုရှား ဆက်သွယ်ရေးတံတားဖွင့်လှစ်မည်

တရုတ်နှင့်ရုရှား နှစ်နိုင်ငံအကြား ဖောက်လုပ်ထားသော တံတားကို ဖွင့်လှစ်မည်ဖြစ်ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

အဆိုပါတံတားသည် အရှည်မီတာ ၁၀၀၀ရှိပြီး ကိုးမီတာ ကျယ်ဝန်းကာ ဟေလုံကျင်မြစ်ကိုဖြတ်သန်း ဖောက်လုပ်ထားခြင်းဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်ရေးကို မြှင့်တင်နိုင်မည့်တံတားဖြစ်သည်။

ကမ္ဘာ့ဈေးကွက်၌ အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်း

ကမ္ဘာ့ငွေကြေးဈေးကွက်၌ အမေရိကန်ဒေါ်လာ တန်ဖိုးအနည်းငယ်ကျဆင်းကြောင်း နယူးယောက်မြို့မှ ငွေကြေးလုပ်ငန်းရှင်များက ပြောကြားသည်။

ဂျပန်ငွေကြေးဈေးကွက်၌ အမေရိကန်တစ်ဒေါ်လာလျှင် ဂျပန်ယန်းငွေ ၉၈ယန်းရှိနေပြီး တစ်ယူရိုလျှင် အမေရိကန်ဒေါ်လာ ၁ဒသမ ၅၇၆၅ဒေါ်လာရှိနေကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ပထမဆုံး နိုင်ငံတကာမျိုးစေ့ပြပွဲ တရုတ်၌ကျင်းပမည်

တရုတ်နိုင်ငံရှန်ယန်မြို့၌ ကမ္ဘာ့ ပထမဆုံးနိုင်ငံတကာမျိုးစေ့ပြပွဲတစ်ရပ် ကျင်းပမည်ဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

အဆိုပါပြပွဲကို ပြည်တွင်းပြည်ပမှမျိုးစေ့လုပ်ငန်းပေါင်း ၅၀၀ခန့် ပါဝင်ပူးပေါင်းပြသကြမည်ဖြစ်ပြီး လာမည့်စက်တင်ဘာ ၁၀ ရက်မှ ၁၂ရက်အထိ ခင်းကျင်းပြသသွားမည် ဖြစ်သည်။

ပါကစ္စတန်၌ လက်နက်ကိုင်များပစ်ခတ်၊ ခုနစ်ဦးသေဆုံး

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် လက်နက်ကိုင်များ ပစ်ခတ်နေမှုကြောင့် ဒေသခံခုနစ်ဦးသေဆုံးသွားကြောင်း ပါကစ္စတန်မီဒီယာများက ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတိုရာဂါရာမြို့အနီးတွင် အမည်မသိသေနတ်သမားများက ပစ်ခတ်ခဲ့မှုကြောင့် ခုနစ်ဦးသေဆုံးပြီး အမျိုးသမီးငါးဦး ဒဏ်ရာရရှိခဲ့သည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများမြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်း ဆက်လက် မြင့်တက်လျက်ရှိကြောင်း တရုတ်ရွှေလုပ်ငန်းရှင်များကပြောကြားသည်။

တရုတ်ရွှေဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၉၄၅ ဒသမ ၀၅ဒေါ်လာရှိကြောင်း ၎င်းတို့ကပြောကြားသည်။

တောင်ကိုရီးယား ဝန်ကြီးချုပ် အာရှအလယ်ပိုင်းနိုင်ငံများသို့ သွားရောက်မည်

တောင်ကိုရီးယားဝန်ကြီးချုပ် ဟန်ဆောင်ဆိုးသည် မေလ၌ စွမ်းအင်ရေးရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အာရှအလယ်ပိုင်းနိုင်ငံများသို့ ခရီးထွက်မည်ဖြစ်ကြောင်း တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။

ခရီးထွက်မည့် နိုင်ငံများမှာ ကာဇက်စတန်၊ ဥဇဘက်ကစ္စတန်၊ တာ့မင်နစ္စတန်၊ အာဇာဘိုင်ဂျန်နိုင်ငံများသို့ မေ ၂၉ ရက်မှ ဇွန် ၉ ရက်အထိ ခရီးထွက်မည်ဟု ၎င်းတို့ကပြောကြားသည်။

ကြက်ငှက်တုပ်ကွေးကြောင့် ဗီယက်နမ်၌ တစ်ဦးသေဆုံး

ဗီယက်နမ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေး ရောဂါကူးစက်ခံရမှုကြောင့် အသက် ၂၀အရွယ် လူငယ်တစ်ဦးသေဆုံးသွားကြောင်း ဗီယက်နမ်သတင်းဌာနမှ သတင်းထုတ်ပြန်သည်။

သေဆုံးသူမှာ နအင်ပြည်နယ် အလယ်ပိုင်းမှဖြစ်ပြီး ဖန်နသက် ဆေးရုံ၌ ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့ခြင်း ဖြစ်သည်။

သူတို့အတွေး သူတို့အမြင်

* *Where there is no hope, there can be no endeavour.*
မျှော်လင့်ချက်မရှိလျှင် ကြိုးစားအားထုတ်မှုလည်း မရှိနိုင်ပေ။

ဆင်မြူရယ်ဂျွန်ဆင်(စာရေးဆရာ)

* *As act of goodness is of itself an act of happiness.*
လုပ်ရပ်ကောင်းတစ်ခုဆိုသည်မှာ ပျော်ရွှင်မှုကို ဖြစ်စေသော လုပ်ရပ်ပင်ဖြစ်သည်။

ချာလီမက်ကေး(ကဗျာဆရာ)

ကီရီဘာတီ သမ္မတနိုင်ငံ ဆိုသည်မှာ....

သတင်းအက်ဆေး

ကီရီဘာတီသမ္မတနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာ အလယ်ပိုင်းဒေသ၌ တည်ရှိသည်။ ဂီးလ်ဘတ်ကျွန်းများဟုခေါ်တွင်ခဲ့သည့် ကီရီဘာတီသမ္မတနိုင်ငံကို သန္တာကျောက်ကျွန်း ၃၃ခုဖြင့် ဖွဲ့စည်းထားပြီး ပစိဖိတ်သမုဒ္ဒရာတွင် ကျယ်ပြန့်သောနေရာကို ရယူပိုင်ဆိုင်ထားသည်။ အရှေ့နှင့်အနောက် ကီလိုမီတာ ၄၀၀၀ ခန့်နှင့် တောင်နှင့်မြောက် ကီလိုမီတာ ၂၀၀၀ ကျော်ကျယ်ပြီး အီကွေတာကို ခွထိုင်ထားသည်။

လွတ်လပ်ရေးရရှိ

၁၉၇၉ခုနှစ်တွင် ဗြိတိန်လက်အောက်မှ လွတ်လပ်ရေးရရှိသည်။ သန္တာကျောက်ကျွန်းအများအပြားမှာ လူမနေဘဲ အများစုမှာ ပင်လယ်ရေမျက်နှာပြင်အောက် အလွယ်တကူရောက်သွားနိုင်လောက်အောင် မြေမျက်နှာပြင်နိမ့်ကျကြသည်။

အနားယူ

၁၁ ရာစုမှ ၁၄ ရာစုအတွင်း ဤကျွန်းများသို့ ဆာမိုအာ ကျွန်းသားများ ပြောင်းရွှေ့လာသည်။ ထို့နောက် ဖီဂျီကျွန်းသားများ၊ တွန်ဂါကျွန်းသားများ လာရောက်အခြေချသည်။ ၁၈၂၀ပြည့်နှစ်တွင် ဩစတေးလျမှ တရုတ်ပြည်သို့ အသွားလမ်းခရီးတွင် ဗြိတိန်မာလိန်မှူး ဂီးလ် ဘတ်တွေ့ရသောကျွန်းအချို့ကို ဂီးလ်ဘတ်ကျွန်းစုဟု ခေါ်တွင်ပြီး ၁၈၉၂ ခုနှစ်တွင် အစောင့်ရှောက်ခံနယ်ပယ် အဖြစ် ကြေညာသည်။ အလားတူအနီးရှိ အဲလစ်ကျွန်းစု(ယခုအခါ တူဗာလူးကျွန်းစု)ကိုပါ လက်အောက်သွင်းသည်။ ၁၉၄၃ ခုနှစ်တွင် ဗြိတိသျှလက်အောက်ခံဂီးလ်ဘတ်ကျွန်းစုနှင့် အဲလစ်ကျွန်းစုတို့ကို ဂျပန်တပ်များက သိမ်းယူသည်။ ၁၉၇၅ ခုနှစ်တွင် ဗြိတိသျှ ကိုလိုနီနယ်ကို ဂီးလ်ဘတ်ကျွန်းများနှင့် အဲလစ်ကျွန်းများဟူ၍ နှစ်ပိုင်းကွဲသွားသည်။ ၁၉၇၇ ခုနှစ်တွင် ဂီးလ်ဘတ်ကျွန်းစုသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသည်။ ၁၉၇၉ ခုနှစ် ဇူလိုင် ၁၂ရက်တွင် နေသဟာရ အဖွဲ့အတွင်း၌ သမ္မတနိုင်ငံအဖြစ် လွတ်လပ်ရေးရရှိသည်။ ဂီးလ်ဘတ်ကျွန်းစုမှ ကီရီဘာတီသမ္မတနိုင်ငံအဖြစ် အမည်ပြောင်း

လိုက်သည်။အီရီးနီးယားတာဘေးသမ္မတဖြစ်လာသည်။၁၉၈၂ခုနှစ်တွင်ပထမဆုံး ရွေးကောက်ပွဲကျင်းပသည်။ ၁၉၉၁ ခုနှစ်တွင် ပထမ သမ္မတတာဘေး သုံးကြိမ်တိုင် တာဝန်ထမ်းဆောင်ပြီး အနားယူလိုက်သည်။

ထုတ်ပြန်ကြေညာ

၁၉၉၉ ခုနှစ်တွင် ခရီးသွားလုပ်ငန်း မြှင့်တင်ရန် ကယ်ရိုလင်းကျွန်းကို ထောင်စုနှစ်ကျွန်းဟူ၍ အမည်ပြောင်းသည်။ ၁၉၉၉ ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။ ကျိုတိုသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် ငြင်းပယ်သည့် အတွက်အမေရိကန်နိုင်ငံကို တရားဆွဲဆိုရန် ကီရီဘာတီသမ္မတနိုင်ငံက တူဗာလူးနိုင်ငံ မော်လဒိုက်သမ္မတနိုင်ငံတို့နှင့် အတူဆုံးဖြတ်ကြောင်း ၂၀၀၂ ခုနှစ်မတ်လတွင် ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၀၆ ခုနှစ် မတ်လတွင် ကီရီဘာတီသမ္မတနိုင်ငံက ကမ္ဘာ့တတိယ အကြီးဆုံးအဏ္ဏဝါသီးသန့်ဇုန်နယ်မြေကို ထူထောင်သည်။ ဖိုးနစ်ကျွန်းစုတစ်ဝိုက် ငါးမဖမ်းရန် တားမြစ်သည်။ ထိုဒေသတွင် ငါးနှင့်သန္တာမျိုးစိတ် ရာပေါင်းများစွာရှိသည်။

ဤနိုင်ငံသည် တောင်ပစိဖိတ်မှ အကြီးမားဆုံးအဏ္ဏဝါသီးသန့်ဇုန်တည်ရှိရာနိုင်ငံဖြစ်သည်။ စီးပွားရေးမှာ အုန်းသီးထွက်ရှိမှုအပေါ် မှီခိုရသဖြင့် အားနည်းကြုလှသည်။ ကမ္ဘာ့အုန်းသီးဝယ်လိုအားပေါ်တွင် ဈေးနှုန်းအတက်အကျ ကြုံခဲ့ရသည်။

အရေးကြီး

ငါးဖမ်းခွင့်ပေးမှု နိုင်ငံခြားအကူအညီနှင့် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်သူများ ပြန်ပို့ငွေတို့မှာ ဘာနာဘာကျွန်းမှ မီးစုန်းတူးဖော်ရေးလုပ်ငန်းမှရရှိသည့်ဝင်ငွေတို့ကဲ့သို့ ဤနိုင်ငံအတွက် အရေးကြီးသည်။ သို့သော် မီးစုန်းတူးဖော်ရေး လုပ်ငန်းမှာ ၁၉၈၀ ပြည့်နှစ်တွင် မီးစုန်းကုန်ခန်းလာသည့်အလျောက် ပြည်သူတို့စွန့်ခွာအောင် တွန်းပို့ပေးလိုက်သလိုရှိသည်။

မှတ်တမ်းတင်ရမည်

ကီရီဘာတီသမ္မတနိုင်ငံ၏ ကျွန်းအများစုမှာ လူနေထိုင်ခြင်းမရှိပေ။ ထိုကျွန်းများအနက် ကယ်ရိုလင်းကျွန်းကို ထောင်စုနှစ်ကျွန်းဟူ၍ ထောင်စုနှစ်သစ်ကိုကြိုဆိုသည့်အနေဖြင့် ၂၀၀၀ ပြည့်နှစ်ဇန်နဝါရီ ၁ ရက်တွင် ကြေညာခဲ့သည်။ မှတ်တမ်းတင်ရန်အတွက် ကမ္ဘာ့တစ်ဝန်းမှ စာနယ်ဇင်းသမားများသည် ထောင်စုနှစ်ကျွန်းဟု သမုတ်လိုက်သည့် ကယ်ရိုလင်းကျွန်းသို့ ဆိုင်းမဆင့်ဗုံမဆင့် ဖြုန်းစားကြီးရောက်လာကြသည်။ ဤလုပ်ရပ်မှာ ကီရီဘာရီသမ္မတနိုင်ငံ၏ လိမ္မာပါးနပ်သည့် လုပ်ရပ်အဖြစ် မှတ်တမ်းတင်ရတော့မည် ဖြစ်ပါတော့သည်။

။ **(ကိုးကား-အင်တာနက်)**

တိုး-ရေးသားသည်

ခရီးသွားလုပ်ငန်း မြှင့်တင်ရန် ကယ်ရိုလင်းကျွန်းကို ထောင်စုနှစ်ကျွန်းဟူ၍ အမည်ပြောင်းသည်။ ၁၉၉၉ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်လာ

ယခုနှစ် နိုဝင်ဘာလ၌ ဂျွန်မက်ကိန်း အမေရိကန်သမ္မတ ဖြစ်လာခဲ့လျှင် ဗင်နီဇွဲလားနှင့်ဆက်ဆံရေး ပို၍ဆိုးရွားလာနိုင်ကြောင်း သမ္မတချာဗက်ဇ်ပြောကြား

ကရာကတ် မတ် ၂၈

ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်းသည် ယခုနှစ် နိုဝင်ဘာလ၌ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရလျှင် အမေရိကန်နှင့်ဆက်ဆံရေးမှာ ပို၍ဆိုးရွားလာနိုင်ကြောင်း ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်ဇ်က မတ်၂၅ရက်တွင် သတိပေးပြောကြားလိုက်သည်။

အယူဝါဒချင်း မတိုက်ဆိုင်သည့် အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ်သည် လာမည့်နှစ်တွင် အိမ်ဖြူတော်မှ ထွက်ခွာသွားပြီးလျှင် အမေရိကန်နှင့် ဗင်နီဇွဲလားနိုင်ငံတို့၏ ဆက်ဆံရေး ပိုကောင်းအောင် လုပ်ဆောင်သွားရန် မျှော်လင့်ထားကြောင်း သမ္မတချာဗက်ဇ်က ပြောကြားသည်။

ပိုဆိုးသွားနိုင်

သို့စေကာမူ ဂျွန်မက်ကိန်းသမ္မတဖြစ်လာခဲ့လျှင် ဆက်ဆံရေးမှာ ပိုဆိုးရွားသွားနိုင်ကြောင်း ဗင်နီဇွဲလားသမ္မတက ပြောကြားသည်။

ပြောကြား

မစ္စတာမက်ကိန်းသည်လည်း စစ်ကိုလိုလားသူ ဖြစ်လိမ့်မည်ဟု ယူဆမိကြောင်း ချာဗက်ဇ်က နိုင်ငံခြားသတင်းထောက်များအား ပြောကြားလိုက်သည်။

စွပ်စွဲ

သမ္မတဘုရှ်အား နတ်ဆိုး၊ အန္တရာယ် လူသားဟု ပြောဆိုခဲ့သော ချာဗက်ဇ်က အမေရိကန်သည် လက်တင်အမေရိကကို ဗိုလ်ကျစိုးမိုးရန် ကြိုးစားနေကြောင်းလည်း စွပ်စွဲပြောကြားလိုက်သည်။

တင်ပို့ရောင်းချ

သို့သော်လည်း ဗင်နီဇွဲလားနိုင်ငံသည် အမေရိကန်နိုင်ငံသို့လိုအပ်သည့် ရေနံကို တင်ပို့ရောင်းချပေးနေဆဲဖြစ်သည်။ ၂၀၀၁ ခုနှစ်က ဘုရှ်သမ္မတဖြစ်လာပြီးနောက် ဗင်နီဇွဲလားနှင့် အမေရိကန်တို့၏ ဆက်ဆံရေးမှာ တစ်နေ့တခြား ဆိုးရွားလာသည်ဟုဆိုသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဗင်နီဇွဲလား သမ္မတ ဟူဂို ချာဗက်ဇ် (အင်တာနက် ဓာတ်ပုံ)

ဂျာမနီနိုင်ငံ၏ ထောက်လှမ်းရေးဂြိုဟ်တု ရုရှားနိုင်ငံက လွှတ်တင်ပေး

မော်စကို မတ် ၂၈

ဂျာမနီထောက်လှမ်းရေး ဂြိုဟ်တုတစ်စင်းကို ရုရှားဒုံးပျံက မတ် ၂၇ရက် ညပိုင်းက လွှတ်တင်ပေးလိုက်ကြောင်း အီတာတာ့စ် သတင်းဌာနက သတင်းဖော်ပြသည်။

လွှတ်တင်

ရုရှားဒုံးပျံ ကော့စမို့စ်သရီးအမ်က ရုရှားမြောက်ပိုင်း ပလီဆက် အာကာသစခန်းမှ မော်စကိုစံတော်ချိန် ၂၀နာရီ ၁၅မိနစ်တွင် ဂျာမနီထောက်လှမ်းရေးဂြိုဟ်တု ဆာလူပီဖိုးကို သယ်ဆောင်လွှတ်တင်ပေးလိုက်သည်။

ပြောကြား

ယင်းဂြိုဟ်တုသည် မော်စကိုစံတော်ချိန် ၂၀နာရီ ၄၃မိနစ်တွင် ကမ္ဘာ့ပတ် လမ်းကြောင်းအတွင်း ဝင်ရောက်သွားကြောင်း ရုရှားအာကာသတပ်ဖွဲ့မှ ပြောရေး ဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဇိုလိုတူကင်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တောင်အာရှဒေသ ရာသီဥတု ပူနွေးလာမှုကြောင့် ကမ်းရိုးတန်းဒေသနေ ပြည်သူများ ဘေးအန္တရာယ်ကြုံဖွယ်ရှိ

ကိုလ်ကတ္တား(အိန္ဒိယ) မတ် ၂၈

ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုနှင့် မိုးခေါင်မှု များကြောင့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများရှိ ကမ်းရိုးတန်းဒေသနေပြည်သူ ၁၂၅ သန်းခန့်သည် ယခုရာစုနှစ်အကုန်တွင် ပြောင်းရွှေ့ နေထိုင်ကြရလိမ့်မည်ဖြစ်ကြောင်း ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က မတ်၂၅ရက်၌ ပြောကြားလိုက်သည်။

ထိခိုက်

တောင်အာရှဒေသသည် ပို၍လျင်မြန်စွာ ပူနွေးလာလျက်ရှိကြောင်း၊ ရာသီဥတု ပြောင်းလဲလာခြင်းကြောင့် မုန်တိုင်းများ မကြာခဏကျရောက်နိုင်ပြီး မြစ်ဝကျွန်းပေါ်ဒေသများ၏ စိုက်ပျိုးရေးလုပ်ငန်းကို ထိခိုက်လာကြောင်း ဂရင်းပိစ်အဖွဲ့က ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် မကြာသေးသည့်နှစ်များက ၈ရာခိုင်နှုန်းမှ ၉ရာခိုင်နှုန်း နှစ်စဉ်တိုးတက်လာခဲ့ကြောင်း၊ ရုပ်ကြွင်းလောင်စာသုံးစွဲမှု မြင့်တက်လာသည်နှင့်အမျှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုမှာ ကမ္ဘာ့ထုတ်လွှတ်မှု၏ လေးရာခိုင်နှုန်းရှိကြောင်း အဆိုပါအဖွဲ့၏ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

သတိပေး

ရာသီဥတု ပြောင်းလဲလာခြင်းကြောင့် ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံများသည် ရောဂါဘယများ ထူပြောလာမှု၊ လူနေမှုစနစ် ပျက်စီးယိုယွင်းလာမှု စသောပြဿနာအရပ်ရပ်နှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်က ထုတ်ပြန်သော အစီရင်ခံစာတွင် သတိပေး ဖော်ပြထားသည်။

နေထိုင်

အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန် နိုင်ငံများရှိ ကမ်းရိုးတန်းဒေသနေပြည်သူ သန်း၁၃၀နီးပါးမှာ ပင်လယ်ရေမျက်နှာပြင် အထက် ၃၃ပေအောက်တွင် နေထိုင်လျက်ရှိသည်။ **အမ်အင်န်အေ၊ရိုက်တာ**

နိုင်ငံတကာ ကားပြပွဲ ဗန်ကောက်၌ ခင်းကျင်းပြသ

ဗန်ကောက် မတ် ၂၈

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မော်တော်ကားဈေးကွက်သစ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်လျက် နိုင်ငံတကာ မော်တော်ကားပြပွဲကြီး တစ်ရပ်ကျင်းပလျက်ရှိကြောင်း ဒေသဆိုင်ရာမီဒီယာများက ရေးသားဖော်ပြသည်။

ပြသ

အဆိုပါ နိုင်ငံတကာ မော်တော်ကားပြပွဲသို့ ကမ္ဘာတစ်ဝန်းမှ ကားထုတ်လုပ်ရေး ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များလာရောက် ခင်းကျင်းပြသလျက်ရှိသည်။(ဓါပုံ)

ကျင်းပ

ယင်း ပြပွဲကို မတ် ၂၈ရက်မှ ဧပြီ ၆ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

ကားသစ်များ

ယင်းမော်တော်ကားပြပွဲသည် အရှေ့တောင်အာရှတွင် အကြီးဆုံးသော ကားပြပွဲကြီးဖြစ်ကြောင်း၊ ဂျပန်နိုင်ငံမှ ထိပ်တန်းကားထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် တိုယိုတာနှင့် အခြားသော နာမည်ကြီး ကုမ္ပဏီများမှ နောက်ဆုံးပေါ်ကားသစ်များကို မိတ်ဆက်ပြသခဲ့သည်။

(အင်တာနက်)



ရှေးအကျဆုံး လူသားမေးရိုး စပိန်သုတေသနပညာရှင်များ တွေ့ရှိ

လာဂို့စ်(စပိန်) မတ် ၂၈

ဥရောပတိုက်၏ ရှေးအကျဆုံး လူသားတစ်ဦး၏ မေးရိုးတစ်ခု **(အပေါ်ပုံ)**ကို စပိန်သုတေသနပညာရှင်များကတွေ့ရှိခဲ့ကြောင်း မတ်၂၇ရက်တွင် အင်တာနက်သတင်း၌ ဖော်ပြသည်။

အဆိုပါ မေးရိုးကို စပိန်သုတေသန ပညာရှင်အဖွဲ့က လာဂို့စ်မြို့အနီး အုတ်ဂူတစ်လုံးအတွင်းမှ တွေ့ရှိခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲ တစ်ရပ်တွင် သုတေသနပညာရှင်များက ပြောကြားသည်။

တွေ့ရှိ

ယင်းတွေ့ရှိချက်ကို နေးချားသတင်းစာတွင် ရေးသားဖော်ပြထားသည်။ စပိန်သုတေသနပညာရှင်များသည် သွားများပါသော မေးရိုးကို ယင်းအုတ်ဂူအတွင်းမှ ရှေးခေတ်သုံး ကျောက်လက်နက်များနှင့်အတူ တွေ့ရှိခဲ့ရကြောင်း သုတေသီများက ပြောကြားသည်။

ပြောကြား

အဆိုပါ ရှေးအကျဆုံးလူသားမေးရိုးသည် လွန်ခဲ့သောနှစ်ပေါင်း လေးသိန်းခန့်က လူသားတစ်ဦး၏ အောက်မေးရိုးဖြစ်ကြောင်း စပိန် သုတေသနပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

တောင်ကိုရီးယား၌ ဒီဂျစ်တယ်မိုဘိုင်းလ် ဆမ်ဆောင်း တီထွင်ထုတ်လုပ်

ဆိုးလ် မတ် ၂၈

တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်း အီလက်ထရွန်နစ် ကုမ္ပဏီကြီးဖြစ်သော ဆမ်ဆောင်းကုမ္ပဏီက နောက်ဆုံးပေါ်ဒီဂျစ်တယ်မိုဘိုင်းလ်ဖုန်းများ(အပေါ်ပုံ)ကို တီထွင်ထုတ်လုပ်လိုက်ပြီဖြစ်သည်။

စွယ်စုံသုံး

အဆိုပါ ဒီဂျစ်တယ်မိုဘိုင်းလ်ဖုန်း အမျိုးအစားကို အက်စ်စီအိတ်ချ်ဒဗလျူ ၄၂၀ဟု အမည်ပေးထားကြောင်း၊ မြန်နှုန်းမြင့် စွယ်စုံသုံး ဒီဂျစ်တယ်မိုဘိုင်းလ်ဖုန်း ဖြစ်ကြောင်း ဆမ်ဆောင်းကုမ္ပဏီက ပြောကြားသည်။

၄င်းဒီဂျစ်တယ်ဖုန်းသည် ဖုန်းဆက်သွယ်အသုံးပြုနိုင်သည့်အပြင် အခြားမီဒီယာလုပ်ငန်းများဖြစ်သည့် ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးခြင်း၊ အသံဖမ်းယူခြင်း စသောလုပ်ငန်းများကိုလည်း အသုံးပြုနိုင်ကြောင်း သိရသည်။ (အင်တာနက်)

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ကဏ္ဍ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၇	တိုးတက်မှု
၁	မြေလမ်းမိုင်	-	၃၄၉၂/၂	၃၄၉၂/၂
၂	ကျောက်လမ်းမိုင်	-	၁၀၄၇/၄	၁၀၄၇/၄
၃	ကတ္တရာလမ်းမိုင်	-	၁၃၁/၃	၁၃၁/၃
၄	တံတားကြီး-ငယ်၊ကြိုးတံတား	-	၇၈	၇၈
၅	တံတားငယ်	-	၁၀၁၇	၁၀၁၇
၆	ကြိုးတံတား	-	၄၆	၄၆
၇	ဆေးရုံ	-	၈၀	၈၀
၈	ဆေးပေးခန်း	-	၁၀၂	၁၀၂
၉	ကျေးလက်ကျန်းမာရေးဌာန	-	၃၈	၃၈
၁၀	ကျေးလက်ကျန်းမာရေးဌာနခွဲ	-	၈၇	၈၇
၁၁	မူ/လယ်/ထက်ကျောင်း	-	၈၅၅/၉၀/၉၂	၈၅၅/၉၀/၉၂
၁၂	စိုက်ပျိုးရေးရုံး	-	၃၁	၃၁
၁၃	စိုက်ပျိုးရေးစခန်း	-	၁၁၈	၁၁၈
၁၄	ဆည်	-	၅၁	၅၁
၁၅	တူးမြောင်း	-	၅	၅
၁၆	ထွန်စက်စခန်း	-	၁၁	၁၁
၁၇	ကြိုးဝိုင်း	-	၁၁	၁၁
၁၈	ပျိုးဥယျာဉ်	-	၁၄	၁၄
၁၉	မွေးမြူရေးခြံ	-	၁၉	၁၉
၂၀	တိမွေးကုရုံး	-	၄၀	၄၀
၂၁	လျှပ်စစ်မီးစက်	-	၂၆၅	၂၆၅
၂၂	ရုပ်သံလွှင့်ထပ်ဆင့်စက်ရုံ	၅	၁၁၁	၁၀၆
၂၃	စာတိုက်	-	၅၂	၅၂
၂၄	တယ်လီဖုန်းလုပ်ငန်း	-	၈၇	၈၇

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု



ပန်ဆန်းမြို့ သာယာလှပမှု မြင်ကွင်း

နယ်စပ်ဒေသဖြစ်သော ရှမ်းပြည်နယ်(မြောက်ပိုင်း) ပန်ဆန်း(ပန်ခမ်း) မြို့ကို ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ကြဉ်းပေးခဲ့ရာ မြို့ပြများနှင့်မခြား ဖွံ့ဖြိုးတိုးတက်လာသည့် ပန်ဆန်းမြို့ကို ဤသို့ တွေ့နိုင်သည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ကျိုင်းတုံ လူငယ်သင်တန်းကျောင်း

နယ်စပ်ဒေသရှိ လူငယ်များ သက်မွေးပညာရပ်များကို လေ့လာသင်ယူနိုင်ရန်အတွက် တည်ဆောက်ဖွင့်လှစ်ထားသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ လူငယ်သင်တန်းကျောင်းအဆောက်အအုံ။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



လယ်ယာထွက်ကုန်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတစ်ဝန်း ဆည်မြောင်းတာတမံများကို ဒေသလိုအပ်ချက်နှင့်အညီ တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ ရခိုင်ပြည်နယ် ကျောက်တော်မြို့၌ စိုက်ပျိုးမြေဧက ၁၀၀၀၀အား စိုက်ပျိုးရေပေးဝေလျက်ရှိသည့် ပြိုင်းချောင်းရေလှောင်တမံစီမံကိန်းကို အပေါ်စီးမှ ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မိုက္ကရိုဝေ့ဗ် ဆက်သွယ်ရေးစခန်း

ပြည်နယ်နှင့်တိုင်းအသီးသီးရှိ တိုင်းရင်းသားညီနောင်များ အချိန်နှင့်တစ်ပြေးညီ လွယ်ကူချောမွေ့စွာ ဆက်သွယ်ပြောဆို ဆောင်ရွက်နိုင်ရန်အတွက် ချင်းပြည်နယ် ဟားခါးမြို့၌ တည်ဆောက်ထားသည့် မိုက္ကရိုဝေ့ဗ်မြေပြင် ဆက်သွယ်ရေးစခန်းကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

29-3 (07).pmd 1 3/29/2008, 1:05 AM

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

ရေကိုသား၍ အကြားမထင်သကဲ့သို့

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်

စည်သူအောင်

နိုင်ငံတိုင်း၌ တပ်မတော်များရှိကြသည်။ တပ်မတော်တိုင်း၏ တာဝန်မှာ အမိနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို တစ်စုံတစ်ရာ ထိပါးကျူးကျော်ခြင်း မခံရစေရေးအတွက် ကာကွယ်စောင့်ရှောက်ရန် ဖြစ်သည်။

အမိနိုင်ငံကို ကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်တစ်ရပ်၏ ပင်မတာဝန်ဖြစ်သော်လည်း တပ်မတော်တစ်ရပ်တည်းကသာ တာဝန်ယူဆောင်ရွက်၍ ပြီးမြောက်နိုင်သည့် ကိစ္စမဟုတ်ပေ။ နိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြကုန်သော ညီအစ်ကိုနောင်ဖွား တိုင်းရင်းသား ပြည်သူအပေါင်းတို့က တပ်မတော်နှင့်အတူ တစ်စိတ်တစ်ဝမ်းတည်း လက်တွဲကူညီကာ စည်းလုံးညီညွတ်စွာ ကာကွယ်စောင့်ရှောက်ကြမှသာ 'ပိန်းကြာရွက်တွင် ရေမတင်သကဲ့သို့' ဝင်လာနိုင်သည့် ဘေးဘျမ်း အန္တရာယ်တို့ မြူမျှပင် မတင်အောင် ဖယ်ရှားနိုင်မည် ဖြစ်သည်။

စင်စစ်၌နိုင်ငံတော်ကာကွယ်ရေးသည် နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။ ယနေ့ မျက်မှောက်ခေတ်ကာလတွင် နိုင်ငံတစ်ခုအတွက် ခြိမ်းခြောက်မှုပေါင်းများစွာ ဝန်းရံလျက်ရှိသည်။ အချုပ်အခြာအာဏာကို တိုက်ရိုက်ထိပါးသည့် ခြိမ်းခြောက်မှုများလည်းရှိသည်။ ပိုင်နက်နယ်မြေကို အတင်းအဓမ္မအင်အားသုံးဖွဲ့ယူ၍ လက်ဝေခံနိုင်ငံငယ်တစ်ခု ခွဲထုတ်ထူထောင်ပေးရန် ကြိုးပမ်းသည့် ခြိမ်းခြောက်မှုများလည်းရှိသည်။ နိုင်ငံတစ်ခု၏ ယဉ်ကျေးမှုအစဉ်အလာ ဓလေ့ထုံးစံ အမျိုးသားရေး အထိမ်းအမှတ်လက္ခဏာတို့ကို တစ်စထက်တစ်စ ပျောက်ကွယ်သွားအောင် အနုနည်းဖြင့် ဝါးမျိုနေသည့် ခြိမ်းခြောက်မှုလည်းရှိသည်။ နိုင်ငံသား ပြည်သူလူထု၏ အမျိုးသားရေး စည်းလုံးညီညွတ်မှုကို မကွဲကွဲအောင် နည်းမျိုးစုံဖြင့် ဖြိုခွဲ၍ ထိုးဖောက်လွှမ်းမိုးနိုင်အောင် ကြိုးပမ်းနေသည့် ခြိမ်းခြောက်မှုများလည်း ရှိသည်။

နိုင်ငံတစ်ခုကို အိမ်ခြံဝင်းတစ်ခုနှင့် ပမာပြုပါလျှင် တပ်မတော်တစ်ရပ်သည် ခြံစည်းရိုးနှင့် ပမာတူသည်။ ဤခြံစည်းရိုးကို ပြင်ပမှ မည်သူကမျှ လာရောက်ကာရံပေးသည်မဟုတ်။ အိမ်တွင်းရှိ အိမ်သားများကသာ ဝိုင်းဝန်း၍ ကာရံထားရခြင်းဖြစ်သည်။ ခြံစည်းရိုး တောင့်တင်းသည်နှင့်အမျှ ပြင်ပမှခွေးလေခွေးလွင့်ကအစ သူခိုးဓားပြအဆုံး မည်သည့် အန္တရာယ်မျှ အလွယ်တကူ မဝင်ရောက်နိုင်။ ခြံစည်းရိုးက ယိုင်နဲ့နဲ့၊ လဲပြိုလုလု၊ ဖရိုဖရဲ ဖြစ်နေလျှင်မူ လုံချည်စုတ်ရပ်မည့် ဘိန်းစားသူခိုးများကအစ အလွယ်တကူ ဝင်ရောက်လာကြလိမ့်မည်။ တို့ကြောင့် ခြံစည်းရိုးခိုင်မာတောင့်တင်းနေစေရန် အိမ်သားအားလုံးက အစဉ်တစိုက် ထိန်းသိမ်းပြုပြင် တည်ဆောက်နေရန်လိုသည်။ ခြံစည်းရိုးက ခိုင်မာတောင့်တင်းသော်ငြား လည်း အိမ်သားအချင်းချင်းက မသင့်မြတ်ကြ၍ ရန်သူကို မလွယ်ပေါက် ဖွင့်ပေးလျှင်လည်း အကျိုးနည်းချိမ့်မည်။

နိုင်ငံတကာမှ သာဓကများကိုကြည့်လျှင် တပ်မတော်နှင့်ပြည်သူတို့ သွေးစည်းညီညွတ်သောအခါ အဆမတန် အင်အားကြီးမားသော ရန်သူများကိုပင် တွန်းလှန် အောင်နိုင်ခဲ့ကြသည်။ ဥပမာ- ဗီယက်နမ်ပြည်သူများသည် ဗီယက်ကောင်းတပ်ဖွဲ့များနှင့် လက်တွဲ၍ မဟာအင်အားကြီးနိုင်ငံမှ ကျူးကျော်သူတပ်ဖွဲ့များကိုပင် အနိုင်တိုက်ကာ တွန်းလှန်မောင်းထုတ်နိုင်ခဲ့ကြသည်။

သို့သော် တပ်မတော်အင်အားမရှိလျှင် နိုင်ငံကျွန်သပေါက်ဘဝ ကျရောက်ရသလို နိုင်ငံ၌အမျိုးသားစည်းလုံးညီညွတ်မှု ပြိုကွဲလျှင်လည်း ပြည်ပမှအလွယ်တကူ ကျူးကျော်သိမ်းပိုက်ကာ တပ်မတော်လည်း ဖရိုဖရဲ ပျက်စီးရတတ်သည်။ မျက်မှောက်ခေတ် အီရတ်နှင့် အာဖဂန်နစ္စတန်တို့ကိုကြည့်လျှင် ဤဖြစ်ရပ်မျိုးကို အထင်းသား တွေ့နိုင်သည်။ ထိုနိုင်ငံများ၌ ယခုအခါ အင်အားတောင့်တင်းသော အမျိုးသားတပ်မတော်ဟူ၍ မရှိပြီ။ ကျူးကျော်သူတို့၏ လက်ပါးစေ လက်ဝေခံတပ်ဖွဲ့သာသာမျှသာရှိတော့သည်။ ခေတ်မီ၍ စွမ်းရည်ထက်မြက်သော တိုက်လေယာဉ်၊ စစ်သင်္ဘော၊ အမြောက်ကြီး၊ တင့်ကား၊ ဒုံးပျံတပ်ဖွဲ့ဟူ၍ မရှိ။ လေတပ်မရှိ၊ ရေတပ်မရှိ၊ ကြည်းတပ်သည်ပင် လက်နက်ကြီးကြီးမားမားမရှိ၊ စစ်နိုင်သူတို့က ၎င်းတို့ကို မယုံကြည်။ အိမ်ကြက်ချင်းအိုးမဲသုတ်၍ ခွပ်ခိုင်းနိုင်ရုံမျှ လက်နက်ငယ်များကိုသာ တပ်ဆင်ပေးထားသည်။ ခက်ခဲကြမ်းတမ်း၍ အန္တရာယ်များသော နယ်မြေများတွင် သေစရာရှိလျှင် အရင်သေရန် ၎င်းလက်ပါးစေတပ်ဖွဲ့များကို ရှေ့ကလွှတ်သည်။ ထိုတပ်ဖွဲ့များကလည်း ကြေးစားတပ်ဖွဲ့များပီပီ တိုက်ရည် ခိုက်ရည်မရှိ၊ တိုက်ပွဲများတွင်သုံး၍မရဟုဆိုကြသည်။ ထိုတပ်ဖွဲ့များဖြင့် နိုင်ငံကို မည်သို့မည်ပုံ ထိရောက်စွာကာကွယ်နိုင်ပါမည်နည်း။ အီရတ်မြောက်ပိုင်းရှိ ကာ့ဒ်သူပုန်စခန်းများကို တူရကီတပ်ဖွဲ့များက အီရတ်နယ်စပ်အား ဖြတ်ကျော် ဝင်ရောက်၍ အလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့သည်ကိုပင် ဘာမျှမတတ်နိုင် လက်ပိုက်၍ ထိုင်ကြည့်နေခဲ့ရသည်။ အလားတူပင် အာဖဂန်နစ္စတန်၌လည်း မြို့ကြီးအချို့နှင့် တောင်ပိုင်းလွင်ပြင်ဒေသ အနည်းငယ်မှလွဲ၍ အစိုးရ အာဏာစက် မသက်ရောက်နိုင်သေးဘဲရှိသည်။

ဤသည်မှာ စည်းလုံးညီညွတ်မှု ပြိုကွဲသော နိုင်ငံများတွင် တပ်မတော်လည်း ဖရိုဖရဲဖြစ်ကာ အချုပ်အခြာအာဏာနှင့် ပိုင်နက် နယ်မြေကိုလည်း ထိရောက်စွာ မကာကွယ်နိုင်တော့ပုံကိုပြသော သာဓကများပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင်မူ မြန်မာ့တပ်မတော်သည် အမျိုးသားလွတ်မြောက်ရေး သမိုင်းစဉ်အတွင်း ပြည်သူကြားမှ ပေါက်ဖွားလာသော ပြည်သူလူထု၏ ရင်နှစ်သည်းချာဖြစ်သည်။ တပ်မတော်နေ့ဟု သတ်မှတ်ထားသည့်မတ်လ ၂၇ရက်နေ့သည်ပင် တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံး လက်တွဲ၍ ဖက်ဆစ်အန္တရာယ်ကို တော်လှန်ခဲ့ကြသည့်နေ့ထူး၊ နေ့မြတ်ကို ထင်ဟပ်ထားခြင်းဖြစ်သည်။ တပ်မတော်သည် ပြည်သူပင်ဖြစ်သလို ပြည်သူသည်လည်း **တပ်မတော်ဖြစ်သည်။ တပ်မတော်နှင့် ပြည်သူသည် 'ရေကိုသား၍ အကြားမထင်'သကဲ့သို့ တကွဲတပြားခွဲခြား၍မရသော တစ်သားတည်းသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ နိုင်ငံ၌ ဘေးအန္တရာယ်များ ကျရောက်ခဲ့သည့်အခါတိုင်း တပ်မတော်က ပြည်သူတို့ကို အသက်ပေး၍ စွန့်လွှတ်စွန့်စား ကာကွယ်စောင့်ရှောက်ခဲ့သလို မိဘပြည်သူများကလည်း တပ်မတော်သားများအတွက် အဘက်ဘက်မှ အားပေးထောက်ပံ့ ကူညီခဲ့ကြသည်။**

ဖက်ဆစ်တော်လှန်ရေးကာလ၊ လွတ်လပ်ရေးရစ လှိုင်းကြီး လေထန်ကာလများ၊ တရုတ်ဖြူ ပြည်ပကျူးကျော်မှုကာလနှင့် ပြည်တွင်းသောင်းကျန်းမှု အပြင်းထန် အဆိုးရွားဆုံးကာလများ၌ တပ်မတော်နှင့် ပြည်သူတို့ တစ်သားတည်း၊ တစ်စိတ်တစ်ဝမ်းတည်းရှိခဲ့ကြသည်။ ပြည်သူတို့၏ တစ်ခဲနက်အားပေးထောက်ခံမှုများဖြင့် ပြည်တွင်းသောင်းကျန်းမှုအန္တရာယ်များကို ချုပ်ငြိမ်းအောင် ဆောင်ရွက်နိုင်ခဲ့သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုများကို ပြန်လည်တည်ဆောက်ကာ ငြိမ်းချမ်းရေး အောင်ပန်းကို လှမ်းကိုင်နိုင်ခဲ့သည်။ တပ်မတော်ကိုလည်း ခေတ်မီအင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော တပ်မတော်အဖြစ် တည်ဆောက်နိုင်ခဲ့သည်။ နိုင်ငံအေးချမ်းလာသည်နှင့်အမျှခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းများတွင် တပ်မတော်သားတို့ ပါဝင်လုပ်အားပေးနိုင်ခဲ့ကြသည်။ ပြည်သူကို အလုပ်အကျွေးပြုနိုင်ခဲ့ကြသည်။ ပြည်သူနှင့် တပ်မတော်အကြား ထာဝစဉ်ခိုင်မာစွာ လက်တွဲနိုင်မည့် အာမခံချက်များပါရှိသော အခြေခံဥပဒေသစ် မူကြမ်းကိုလည်း ရေးဆွဲနိုင်ခဲ့ကြပြီး မကြာမီ အတည်ပြုကြ ပေတော့မည်။

ဤသို့ **ပြည်သူနှင့်တပ်မတော်တို့အကြား အပေးအယူညီမျှစွာ အေးအတူပူအမျှ၊ လက်တွဲစည်းလုံး ညီညွတ်နေသမျှကာလပတ်လုံး မည်သည့်ဘေးအန္တရာယ်ကိုမျှ စိုးရိမ်ရန်မလိုဘဲ အောင်မြင်စွာ တွန်းလှန်နိုင်မည်သာဖြစ်ပေသည်။** ။

သမိုင်းကြော...

အစဉ်အလာကောင်းမ...

*ဟိုရှေးယခင်၊
စွမ်းအင်ကြီးမား၊
ဝင့်ကြွားခဲ့သည့်၊
*စစ်သည်ရဲမက်၊
သွေးသက်နှင်းကာ၊
ကာကွယ်ခဲ့သည့်၊
*ကျွန်၏ထမ်းပိုး၊
ပိုင်းချိုးချေဖြတ်၊
လွတ်လပ်စေသည့်၊
*ထွတ်ခေါင်မြတ်ပန်း၊
လန်းဆန်းကြိုင်လှောက်
စောင့်ရှောက်ခဲ့သည့်၊
*အရေးကြုံတိုင်း၊
သမိုင်းပေးလာ၊
ကျေစွာထမ်းသည့်၊
*ညီညွတ်မှုပန်း၊
ပွင့်လန်းရနံ့၊
သင်းပျံ့စေသည့်၊
*ဖြတ်သန်းခဲ့ပြီ၊
စွမ်းရည်ထက်မြက်၊
ရင့်ကျက်ခဲ့သည့်၊
*ကိုယ်နှင့်သက်ပင်၊
ခင်တွယ်မရှိ၊
ပြည်၏သားကောင်း
*အေးချမ်းခေတ်မီ၊
ရွှေပြည်တော်သစ်၊
ထုဆစ်ခဲ့သည့်၊
*ခြောက်ဆယ့်သုံးမြောက်
မဖောက်သူ့စည်း၊
သွေးစည်းနေသည့်၊
*ကြီးမြတ်ဂုဏ်ဒြပ်၊
မြင့်မြတ်ပါဘိ၊
ပြည်၏အင်အား၊
စွမ်းအားခိုင်ကျည်၊
ထောင်ချီနှစ်ပေါင်း၊
ဆုတောင်းဆန္ဒ၊

(၆၃)နှစ်မြောက် တပ်မ...

မောင်...

အမိနိုင်ငံကို ကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်တစ်ရပ်၏ ပင်မတာဝန် ဖြစ်သော်လည်း တပ်မတော်တစ်ရပ်တည်းကသာ တာဝန်ယူဆောင်ရွက်၍ ပြီးမြောက် နိုင်သည့် ကိစ္စမဟုတ်ပေ။ နိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြကုန်သော ညီအစ်ကို နောင်ဖွား တိုင်းရင်းသား ပြည်သူအပေါင်းတို့က တပ်မတော်နှင့်အတူ တစ်စိတ် တစ်ဝမ်းတည်း လက်တွဲကူညီကာ စည်းလုံးညီညွတ်စွာ ကာကွယ်စောင့်ရှောက်ကြမှသာ 'ပိန်းကြာရွက်တွင် ရေမတင်သကဲ့သို့' ဝင်လာနိုင်သည့် ဘေးဘျမ်းအန္တရာယ်တို့ မြူမျှပင် မတင်အောင် ဖယ်ရှားနိုင်မည်။



29-3-(08).pmd 1 3/29/2008, 1:05 AM

န်နစ္စတန်၌လည်း မြို့ကြီး
ဒေသ အနည်းငယ်မှလွဲ၍
ရာက်နိုင်သေးဘဲရှိသည်။
ညွတ်မှု ပြိုကွဲသော နိုင်ငံ
ဖရိုဖရဲဖြစ်ကာ အချုပ်
ပ်မြေကိုလည်း ထိရောက်
သော သာဓကများပင်ဖြစ်

တပ်မတော်သည် အမျိုးသား
အတွင်း ပြည်သူကြားမှ
လူထု၏ ရင်နှစ်သည်းချာ
သတ်မှတ်ထားသည့်မတ်လ
တ်နှင့် ပြည်သူတစ်ရပ်လုံး
ကို တော်လှန်ခဲ့ကြသည့်
င်ဟပ်ထားခြင်းဖြစ်သည်။
်သလို ပြည်သူသည်လည်း
မတော်နှင့် ပြည်သူသည်
သကဲ့သို့ တကွဲတပြားခွဲခြား
သာ အစိတ်အပိုင်းတစ်ခု
ယ်များ ကျရောက်ခဲ့သည့်
ည်သူတို့ကို အသက်ပေး၍
စောင့်ရှောက်ခဲ့သလို မိဘ
မတော်သားများအတွက်
က်ပံ့ ကူညီခဲ့ကြသည်။
ာလ၊ လွတ်လပ်ရေးရစ
း၊ တရုတ်ဖြူ ပြည်ပ
ည်တွင်းသောင်းကျန်းမှု
လများ၌ တပ်မတော်နှင့်
တစ်စိတ်တစ်ဝမ်းတည်းရှိ
ခဲနက်အားပေးထောက်ခံမှု
းကျန်းမှုအန္တရာယ်များကို
င်ခဲ့သည်။ တိုင်းရင်းသား
န်လည်တည်ဆောက်ကာ
လှမ်းကိုင်နိုင်ခဲ့သည်။
မီအင်အားတောင့်တင်း၍
တော်အဖြစ် တည်ဆောက်
သည်နှင့်အမျှခေတ်မီဖွံ့ဖြိုး
တည်ဆောက်ရေးလုပ်ငန်း
ပါဝင်လုပ်အားပေးနိုင်ခဲ့
်အကျွေးပြုနိုင်ခဲ့ကြသည်။
ကြား ထာဝစဉ်ခိုင်မာစွာ
်များပါရှိသော အခြေခံ
ရေးဆွဲနိုင်ခဲ့ကြပြီး မကြာမီ

ာက်တို့အကြား အပေးအယူ
က်တွဲစည်းလုံး ညီညွတ်
သည့်ဘေးအန္တရာယ်ကိုမျှ
တွန်းလှန်နိုင်မည်သာဖြစ်

သမိုင်းကြောင်းပေါ်မှ အစဉ်အလာကောင်းများနှင့် တပ်မတော်

✱ဟိုရှေးယခင်၊	သမိုင်းစဉ်
စွမ်းအင်ကြီးမား၊	ပြည့်အင်အား
ဝင့်ကြွားခဲ့သည့်၊	တပ်မတော်။
✱စစ်သည်ရဲမက်၊	စဉ်အဆက်
သွေးသက်နှင်းကာ၊	ကိုယ့်ပြည်ရွာ
ကာကွယ်ခဲ့သည့်၊	တပ်မတော်။
✱ကျွန်၏ထမ်းပိုး၊	ကျွန်နှောင်ကြိုး
ပိုင်းချိုးချေဖြတ်၊	ရှင်းပယ်သတ်
လွတ်လပ်စေသည့်၊	တပ်မတော်။
✱ထွတ်ခေါင်မြတ်ပန်း၊	လွတ်လပ်ပန်း
လန်းဆန်းကြိုင်လှောက်၊	ထိန်ဝေတောက်
စောင့်ရှောက်ခဲ့သည့်၊	တပ်မတော်။
✱အရေးကြုံတိုင်း၊	ကူညီဝိုင်း
သမိုင်းပေးလာ၊	ပြည့်ဝန်တာ
ကျေစွာထမ်းသည့်၊	တပ်မတော်။
✱ညီညွတ်မှုပန်း၊	ငြိမ်းချမ်းပန်း
ပွင့်လန်းရနံ့၊	ပြည်အနှံ့
သင်းပျံ့စေသည့်၊	တပ်မတော်။
✱ဖြတ်သန်းခဲ့ပြီ၊	ခရီးရှည်
စွမ်းရည်ထက်မြက်၊	ခံယူချက်
ရင့်ကျက်ခဲ့သည့်၊	တပ်မတော်။
✱ကိုယ်နှင့်သက်ပင်၊	ပြည်ကျိုးယှဉ်
ခင်တွယ်မရှိ၊	စွန့်လွှတ်သည့်
ပြည်၏သားကောင်း	တပ်မတော်။
✱အေးချမ်းခေတ်မီ၊	ဖွံ့ဖြိုးစည်
ရွှေပြည်တော်သစ်၊	ခေတ်တစ်ခေတ်
ထုဆစ်ခဲ့သည့်၊	တပ်မတော်။
✱ခြောက်ဆယ့်သုံးမြောက်၊	သက်တမ်းရောက်
မဖောက်သူ့စည်း၊	သူ့ခရီး
သွေးစည်းနေသည့်၊	တပ်မတော်။
✱ကြီးမြတ်ဂုဏ်ဒြပ်၊	အရပ်ရပ်ဖြင့်
မြင့်မြတ်ပါဘိ၊	စဉ်လာရှိသည့်
ပြည်၏အင်အား၊	တပ်မတော်အားလျှင်
စွမ်းအားခိုင်ကျည်၊	ဖွဲ့စည်းတည်လျက်
ထောင်ချီနှစ်ပေါင်း၊	ရှည်စေကြောင်းကို
ဆုတောင်းဆန္ဒ၊	ပြုပါသတည်း။ ။

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလျက်-

မောင်မောင်မိုးအောင်

April 2008 ပန်းချီပြပွဲ ခင်းကျင်းပြသမည်

ရန်ကုန် မတ် ၂၈

'**April 2008 ပန်းချီပြပွဲ**' ဟု အမည်ပေးထားသည့် ပန်းချီပြပွဲတစ်ရပ်ကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ သမ္မတဟိုတယ် ပထမထပ် ပန်းချီပြခန်း၌ ဧပြီ ၅ရက်နှင့် ၆ရက်များတွင် ခင်းကျင်းပြသမည်ဖြစ်သည်။

ပါဝင်ပြသ

အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီဆရာများဖြစ်သော တင်မောင်ဦး၊ အောင်မြင့်ဦးနှင့် အမ်တီအောင်တို့က ပန်းချီကားပေါင်း ၂၁ချပ်ကို ခင်းကျင်းပြသကြမည်ဖြစ်သည်။ ထိုသို့ပြသရာတွင် အောင်မြင့်ဦးက ပန်းချီကား ၁၂ကား၊ တင်မောင်ဦးက ပန်းချီကားခြောက်ကားနှင့် အမ်တီအောင်က ပန်းချီကားသုံးကား ပါဝင်ပြသကြမည်ဖြစ်သည်။

ခင်းကျင်းပြသ

အောင်မြင့်ဦး၏ ဆီဆေးပန်းချီကားများတွင် ရှုခင်း၊ ပုဂံခေတ်၊ အင်းဝခေတ် ရုပ်တုပန်းချီများ၊ မြစ်ဝကျွန်းပေါ်နှင့် အညာဒေသ၏ ဧရာဝတီနံနက်ခင်း အလှ ပန်းချီကားများ ပါဝင်သည်။ တင်မောင်ဦး၏ ပန်းချီကားများ၌ ပုဂံ အိပ်မက် (၁)မှ ပုဂံအိပ်မက်(၆)အထိ ပုဂံတွင်ရှိသော စေတီပုထိုး၊ ရုပ်တုများကို ပေါင်းစပ်ရေးဆွဲထားသည့် ပန်းချီကားများပါဝင်ပြီး အမ်တီအောင်၏ သရုပ်မှန် ပန်းချီကားနှင့် ခေတ်ပြိုင်ပန်းချီကား သုံးကား ပါဝင်မည်ဖြစ်သည်။ အဆိုပါ ပန်းချီပြပွဲကို WHK ကုမ္ပဏီမှ ဦးဝင်းထင်ကျော်က ပံ့ပိုးကူညီခင်းကျင်းပြသခြင်းဖြစ်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

မတ်၂၈ရက်က ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံလွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့ညစာ့ခံပွဲသို့ တက်ရောက်လာသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့်ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ သံအမတ်ကြီး **H.E.Major General Abu Roshde Rokonuddawala** နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ သတင်းဌာနများနှင့် ပြည်တွင်းရှိ ဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များနှင့် အယ်ဒီတာအဖွဲ့ဝင်များ တက်ရောက်သတင်းရယူ

နေပြည်တော် မတ် ၂၈

ရန်ကုန်မြို့ရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များနှင့် ပြည်တွင်းရှိ ဂျာနယ်၊ မဂ္ဂဇင်းများမှ အယ်ဒီတာအဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီး၌ကျင်းပသော ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်၍ သတင်းရယူကြသည်။

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်၍ သတင်းရယူကြသော ပြည်တွင်းရှိ သတင်းစာဆရာများမှာ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ သတင်းထောက် ၁၆ဦးနှင့် ပြည်တွင်းရှိ ဂျာနယ်၊ မဂ္ဂဇင်းတို့မှ အယ်ဒီတာချုပ်များ၊ အယ်ဒီတာအဖွဲ့ဝင်များနှင့် သတင်းထောက်များ ၂၆ဦး စုစုပေါင်း ၄၂ဦးတို့ ဖြစ်ကြသည်။ (သတင်းစဉ်)

စတုတ္ထအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလားနှင့် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၈

၂၀၀၈ခုနှစ် စတုတ္ထအကြိမ်မြောက် အားကစားဝန်ကြီးဌာနဝန်ကြီးဖလားနှင့် (၃၄)ကြိမ်မြောက် ပြည်နယ်၊တိုင်း အမျိုးသမီး၊ အမျိုးသား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ဧပြီ ၅ရက်မှ ၁၀ရက်အထိ ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံတွင် နေ့စဉ် နံနက်၉နာရီမှ စတင်ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဧပြီ၅ရက် နံနက်၈နာရီတွင် ကျင်းပမည်ဖြစ်သည်။

ချီးမြှင့်မည်

ပြည်နယ်၊ တိုင်း အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိကြသည့် အသင်းများအား တံခွန်စိုက်ဒိုင်းနှင့် တစ်ဦးချင်း ဆုတံဆိပ်များ ချီးမြှင့်မည်ဖြစ်ပြီး ငွေသားဆုအနေဖြင့် ပထမ ငွေသားကျပ် ၅၀၀၀၀၊ ဒုတိယ ကျပ် ၃၀၀၀၀နှင့် တတိယ ကျပ် ၂၀၀၀၀ ချီးမြှင့်မည်ဖြစ်သည်။

အားကစားဝန်ကြီးဌာန ဝန်ကြီးဖလားပြိုင်ပွဲတွင် လေးပေါက်တန်း(အငယ်တန်း)၊ ခြောက်ပေါက်တန်း(အကြီးတန်း)၊ ၁၀ပေါက်တန်း(တံခွန်စိုက်တန်း)နှင့် အမျိုးသမီးပြိုင်ပွဲ အတန်းလေးတန်းပြိုင်ပွဲပါဝင်မည်ဖြစ်သည်။ အတန်းလေးတန်းစလုံး အတွက် ပထမ၊ ဒုတိယနှင့် တတိယရရှိသည့်အသင်းများအား တံခွန်စိုက်ဖလားနှင့် တစ်ဦးချင်းဆုများ ချီးမြှင့်မည်ဖြစ်ပြီး အတန်းလေးတန်းစလုံး၌ ငွေသားဆုအနေဖြင့် ပထမတစ်သိန်း၊ ဒုတိယခုနစ်သောင်းနှင့် တတိယ ငါးသောင်းဆုချီးမြှင့်မည် ဖြစ်သည်။ အားကစားဝန်ကြီးဖလားနှင့် ပြည်နယ်၊ တိုင်း ခြင်းလုံးခတ်ပြိုင်ပွဲတွင် အတန်းတိုင်း၌ အကောင်းဆုံး အားကစားသမားဆုများ ချီးမြှင့်မည်ဖြစ်သည်။

ဆက်သွယ်မေးမြန်း

ပြိုင်ပွဲရက်တွင် ရုပ်ရှင်/ဗီဒီယိုသရုပ်ဆောင် ဦးမေတ္တာနှင့်အဖွဲ့၏ ဖျော်ဖြေမှုပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲသို့ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။ အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ရုံး ဖုန်း-၃၉၃၄၂၀နှင့် အတွင်းရေးမှူး ဦးမျိုးမြင့် ဖုန်း-၀၉-၅၀-၅၁၀၇၉၊ ၂၂၆၈၇၂တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

သတင်းရယူ

ရန်ကုန်မြို့ရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များနှင့် ပြည်တွင်းရှိ ဂျာနယ်၊ မဂ္ဂဇင်းများမှ အယ်ဒီတာအဖွဲ့ဝင်များ နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီး၌ ကျင်းပသော ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်၍ သတင်းရယူကြစဉ်။ (သတင်းစဉ်)

ကံ့ကော်ကျွန်းတောရရိပ်သာ သကြံန်တရားစခန်းပွဲ

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကံ့ကော်ကျွန်း တောရရိပ်သာ ကျောင်းတိုက်၌ ဦးအံ့ကူး(စိန်မိသားစု ပလတ်စတစ်လုပ်ငန်း) ရန်ကုန်မြို့၊ ဦးမြဝိတ်-ဒေါ်ကျင်အေး (မြဝိတ်ဆန်ဆိုင်) လှည်းကူးမြို့၊ ဦးဌေးလွင်-ဒေါ်စန်းစန်းထွေးမိသားစု လှည်းကူးမြို့ တို့က ဦးဆောင်၍ သတိပဋ္ဌာန်တရားစခန်းပွဲကို ဧပြီ၁၂ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် ဧပြီ ၁၂ရက် ညနေ ၅နာရီ အရောက်လာရောက်ရမည် ဖြစ်ပြီး ဆွမ်းကွမ်း ဝေယျာဝစ္စလှူဒါန်းလိုပါက ဖုန်း-၀၉-၅၀-၀၁၀၈၀၊ ၅၄၂၇၇၁၊ ၆၂၉၂၉၂နှင့်၆၂၉၉၃၄တို့သို့ဆက်သွယ် လှူဒါန်းနိုင်သည်။ (က-ပ)

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးစစ်ဆေး

ရန်ကုန် မတ် ၂၈

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ဟင်္သာတ)မှ ခရိုင်ဦးစီးမှူး ဦးအုန်းရွှေသည် မတ် ၂၅ရက်က ဟင်္သာတမြို့ ရွှေကမ္ဘာ ကားဂိတ် (**အောက်ပုံ**)၌ ဟင်္သာတမှ ရန်ကုန်သို့ ပြေးဆွဲနေသော ခရီးသည်တင် အငှားဘတ်စ်ကားကြီးများအား စစ်ဆေးပြီး ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များနှင့် တွေ့ဆုံ၍ ခရီးသွားပြည်သူများ လိုက်ပါစီးနင်းမှု ချောမွေ့ အဆင်ပြေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်အင်္ဂါရပ်စည်းကမ်းချက်များ ညီညွတ်စေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောခဲ့ပြီး ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်တင်တင်ဝင်းက လုပ်ငန်းလိုင်စင်နှင့်ဆက်စပ်သည့်ကိစ္စများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ (က-ပ)

29-3-(09).pmd 1 3/29/2008, 1:05 AM

မြန်မာ့ရိုးရာ စွန်ဖြတ်ပြိုင်ပွဲနှင့် စွန်အလှပွဲတော်

သတင်းမှတ်စု - ဝင်းမြင့်(အင်းစိန်) ရေးသည်

ရန်ကုန် မတ် ၂၈

မြန်မာပြည်ဖွား လူငယ်များ ကစားစွန်လွှတ်ရာ၊ နည်းငယ်သဘော ပါဝင်သော လောကဓာတ်ပညာ ဟူသော မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၈ခုနှစ် စတုတ္ထအကြိမ် စွန်ဖြတ်ပြိုင်ပွဲနှင့် စွန်အလှပွဲတော်ကို ဧပြီ ၁ရက်မှ ၃ရက်အထိ နေ့စဉ် နံနက်၉နာရီမှ စတင်၍ ရန်ကုန်မြို့ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပမည်ဖြစ်သည်။

ရည်ရွယ်ထား

အဆိုပါ စွန်ဖြတ်ပြိုင်ပွဲနှင့် စွန်အလှပွဲတော်အား ရိုးရာအားကစားနည်းကို စနစ်တကျဖော်ထုတ်၍ အများပြည်သူများစိတ်ပါဝင်စားလာအောင် စည်းရုံးနိုင်ရေးအတွက် ရည်ရွယ်ထားသည်။

ကမ္ဘာပေါ်တွင်ရှိသည့် နိုင်ငံအသီးသီးတို့၌ ကိုယ်ပိုင်ယဉ်ကျေးမှုများနှင့် ဆက်နွှယ်နေသော ရိုးရာ ယဉ်ကျေးမှု အားကစားနည်းများ တည်ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း မိမိ ရေမြေသဘာဝအပေါ်မူတည်၍ ရိုးရာအားကစား နည်းများသည် ရှေးအစဉ်အဆက်မှ စတင်၍ တည်ရှိခဲ့သည်။

တိမ်ကောပပျောက်လု

သို့ရာတွင် ရိုးရာအားကစားနည်းများကို စနစ်တကျ ထိန်းသိမ်းဖော်ထုတ်နိုင်မှု အားနည်းခဲ့ရာ အချို့မှာ တိမ်ကောပပျောက်လုရှိခဲ့ပြီး အနည်းငယ်သော ရိုးရာအားကစားနည်းများသာ ယခုအထိတည်ရှိနေခဲ့ရာ ရိုးရာလက်ဝှေ့နှင့် ထုပ်ဆီးတိုး၊ လွန်ဆွဲ၊ ကြက်ခွပ်ကစားနည်းများမှအပ လူသိနည်းပါးကစားနည်းများအဖြစ် ဒေသအလိုက်ကစားလျက်ရှိကြသည့်အနက် စွန်ဖြတ်ပြိုင်ပွဲနှင့် စွန်အလှပွဲတော်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ပြိုင်ပွဲကို စနစ်တကျ ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဥက္ကဋ္ဌအဖြစ် ပါဝင်သော ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်း ဥက္ကဋ္ဌအဖြစ် ပါဝင်သော ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ပွဲစဉ်ရေးဆွဲရေး ဆပ်ကော်မတီ၊ ပြိုင်ပွဲဝင်များ စိစစ်ရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ ကစားကွင်း/ရုံ အခမ်းအနား ပြင်ဆင်ရေး ဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ ပြိုင်ပွဲဆိုင်ရာဒိုင်လူကြီးများနှင့် ခုံသမာဓိအဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ပြိုင်ပွဲ အမျိုးအစားကို တစ်ဦးချင်း စွန်ဖြတ်ပြိုင်ပွဲ၊ အသင်းလိုက် စွန်ဖြတ်ပြိုင်ပွဲနှင့် စွန်အလှပွဲတော်တို့အဖြစ် သတ်မှတ်ထားသည်။

ရှုံးထွက်စနစ်

ပြိုင်ပွဲသို့ ဝန်ကြီးဌာနအသင်းများ၊ တပ်မတော်၊ရဲတပ်ဖွဲ့နှင့် မီးသတ်ဦးစီးဌာနအသင်းများ၊ မြို့နယ်အသင်းများ၊ ကလပ်အသင်းများနှင့် စက်ရုံအလုပ်ရုံအသင်းများ ပါဝင်ခွင့်ပြုထားပြီး မည်သည့်အဆင့်အတန်းရှိ အားကစားသမားများမဆို ပါဝင်ကစားနိုင်ခွင့်ရှိသည်။ ပြိုင်ပွဲကို ရှုံး/ထွက်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများ၌ အနိုင်ရရှိသူများအား စွန်ဖြတ်ပြိုင်ပွဲ(တစ်ဦးချင်း)တွင် ပထမဆုကို ငွေကျပ် နှစ်သောင်း၊ ဒုတိယဆုကို ငွေကျပ် တစ်သောင်းငါးထောင်၊ တတိယဆုကို ငွေကျပ် တစ်သောင်း၊ နှစ်သိမ့်ဆုကို ခုနစ်ဆု သတ်မှတ်ထားပြီး နှစ်သိမ့်ဆု တစ်ဆုလျှင် ငွေကျပ်ငါးထောင်၊ စွန်ဖြတ်ပြိုင်ပွဲ(အသင်းလိုက်)တွင် ပထမဆုကို ငွေကျပ်သုံးသောင်း၊ ဒုတိယဆုကို ငွေကျပ်နှစ်သောင်း၊ နှစ်သိမ့်ဆုကို ရှစ်ဆုသတ်မှတ်ထားပြီး နှစ်သိမ့်ဆု တစ်ဆုလျှင် ငွေကျပ်တစ်သောင်း ဆုချီးမြှင့်မည်ဟု သိရသည်။

စိတ်တည်ငြိမ်

စာရေးသူငယ်စဉ်က စွန်လွှတ်ကစားခြင်းကို ဝါသနာထုံခဲ့ပါသည်။ လူကြီး လူငယ်များ စွန်လွှတ်ကစားသည်ကို ယခင်ကတွေ့ရှိရသည်။ ယခုအခါ စွန်လွှတ်ကစားသည်ကို တွေ့ရှိရမှု နည်းပါးလာသည်ကို တွေ့မြင်ရသည်။ စွန်လွှတ်ခြင်းသည် စိတ်တည်ငြိမ်မှုရရှိပြီး စွန်ဖြတ်ခြင်းမှာ ပညာပါလှပေသည်။ ထို့ကြောင့် ရိုးရာကို စတုတ္ထအကြိမ် ဖော်ထုတ်သည့်ပွဲဖြစ်၍ စိတ်ဝင်စားစရာကောင်းပြီး အထူးစည်ကားလိမ့်မည်ဖြစ်ပါကြောင်း သတင်းစကား ဖြန့်ဝေလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့် ပထမပြန်စာမေးပွဲ စာဖြေဆိုဌာနတွင် သံဃာတော်များ စာမေးပွဲဖြေဆိုမှုကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့၌ ပထမပြန်စာမေးပွဲ ဖြေဆိုနေမှု ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးမြင့် ကြည့်ရှု

ရန်ကုန် မတ် ၂၈

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်သည် ယနေ့ မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပလျက်ရှိသော ပထမပြန်စာမေးပွဲ စာဖြေဆိုဌာနသို့ သွားရောက်၍ ပထမပြန် ကြီးကြပ်ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

လိုက်လံကြည့်ရှု

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် သံဃာတော်များ စာမေးပွဲဖြေဆိုနေမှုကို လိုက်လံကြည့်ရှုရာ သံဃာတော်များ အေးချမ်းစွာဖြေဆိုလျက်ရှိကြောင်း တွေ့ရှိရသည်။

ဝင်ရောက်ဖြေဆို

အဆိုပါ ဗဟန်းမြို့နယ်တွင် ပထမပြန်စာမေးပွဲသို့ စာဖြေသံဃာတော်နှင့် သီလရှင်စုစုပေါင်း အပါး ၄၀၀ တို့သည် မတ် ၂၄ရက်မှ စတင်ဝင်ရောက် ဖြေဆိုလျက်ရှိကြသည်။ **(သတင်းစဉ်)**

မြောင်းမြအထက(၅) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၂၈

မြောင်းမြအထက(၅) မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲကို ဧပြီ၅ရက်(စနေနေ့)တွင် လည်းကောင်း၊ ဧပြီ ၆ရက်(တနင်္ဂနွေနေ့)တွင် မြောင်းမြအထက(၅) ဖွင့်လှစ်ခဲ့သည့် နှစ်(၅၀)ပြည့် ရွှေရတု အထိမ်းအမှတ် ကျောက်စာတိုင်ဖွင့်ပွဲကိုလည်းကောင်း မြောင်းမြမြို့ အထက(၅)တွင်ကျင်းပမည် ဖြစ်သည်။ အငြိမ်းစား ဆရာကြီး ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံ ကြွရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများက အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးခင်မောင်အေး ဖုန်း-၀၁-၂၉၁၃၇၉၊ ဦးကြည်ဇင် ဖုန်း-၀၁-၇၂၄၈၂၀၊ ဦးအုန်းမြင့် ဖုန်း-၀၉-၅၁-၆၁၆၂၃၊ ဦးမြင့်အေး ဖုန်း-၀၉-၅၀-၃၁၆၄၀၊ မြောင်းမြ ဦးဘိုဖြူ(ကျင်းပရေး ကော်မတီရုံး) ဖုန်း-၀၄၂-၇၀၀၄၃၊ ဦးဝင်းဆွေ(ရဲရင့်စာပေ) ဖုန်း-၀၄၂-၇၁၂၃၉ နှင့် ဦးဝမ်ကြည် ဖုန်း-၀၄၂-၇၀၂၃၄၊ ၀၄၂-၇၁၃၁၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

အလင်းရောင် မဟာစည် ရိပ်သာတရားစခန်း

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း မြောက်ဥက္ကလာပ မြို့နယ် ခတ္တာလမ်း (၁)ရပ်ကွက် အလင်းရောင်မဟာစည်ရိပ်သာ(၁၉)ကြိမ်မြောက် သင်္ကြန် ၁၀ ရက် တရားစခန်း အားထုတ်ပွဲကို ဧပြီ ၁၁ရက်မှ ၂၀ရက် အထိ ကျင်းပမည်ဖြစ်ရာ တရားအားထုတ်လိုသူများ၊ ရှင်ပြုဒုလ္လဘ ရဟန်းခံနှင့် သီလရှင် ပြုလုပ်လိုသူများသည် ဧပြီ ၁၀ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပြီး အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်၊ ဆေးဝါးပစ္စည်း လှူဒါန်းလိုသူများ ဖုန်း-၆၆၅၃၀၇ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တစ်ချက်တည်းကျင်းဝင်

နေပြည်တော် မတ် ၂၈

နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားလျက်ရှိသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အထွေထွေမန်နေဂျာ ဦးမြင့်ဝင်းသည် မတ် ၂၂ရက်တွင် ကျင်းအမှတ် (၃) Par-3 ၁၆၆ကိုက်၌ Callaway Wood-5 တုတ်ဖြင့် Reygrande, No.4 ဂေါက်သီးကို ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားသည်။ ထိုအချိန်တွင် ကစားဖော်များဖြစ်သော ဦးသန်းကျော်ဦး၊ ဦးလှမင်းတို့နှင့်အတူ ကစားလျက်ရှိသည်။

ဦးမြင့်ဝင်းသည် ၁၉၉၇ ခုနှစ်တွင်တပ်မတော်ကွင်း (မင်္ဂလာဒုံ)၌ တစ်ကြိမ်၊ ၂၀၀၄ ခုနှစ်တွင် ရန်ကုန်ဂေါက်ကလပ်ကွင်း၌ တစ်ကြိမ် တစ်ချက်တည်း ကျင်းဝင်ပြီးဖြစ်သည်။ ယခုအကြိမ် မြို့တော်ဂေါက်ကွင်း နေပြည်တော်၌ သုံးကြိမ်မြောက် တစ်ချက်တည်း ကျင်းဝင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်နေ့ဂုဏ်ပြု ဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၂၈

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ဥက္ကလာပမြို့နယ်ရုံးက ကြီးမှူး၍ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ၊ စာဖတ်ဝိုင်းနှင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို မတ်၂၅ရက်က (၁၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ပညာအလင်းရောင် စာကြည့်တိုက်၌ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌဦးသန်းလှိုင်ကအဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီရှိန်က စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းအား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ရပ်ကွက်စာကြည့်တိုက်သို့ စာအုပ်စာစောင်များပေးအပ်လှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌဦးသန်းလှိုင်က လက်ခံယူကြောင်းသိရသည်။

(အပေါ်ပုံ)

(မြို့နယ်ပြန်/ဆက်)

အထက(၁)ဒဂုံ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၂၈

၁၉၇၅-၂၀၀၈ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အသက်၆၀ပြည့် ဆရာကြီး ဆရာမကြီးများအား မတ်၃၀ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၁)ဒဂုံ ဒဂုံသီရိခန်းမ၌ ဆရာကန်တော့ပွဲကျင်းပမည်ဖြစ်သည်။ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ အားလုံး ပါဝင်တက်ရောက်ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ အပြစ်မဲ့ပြည်သူတစ်ဦးဒဏ်ရာရရှိ

နေပြည်တော် မတ် ၂၈

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြု ဆောင်ရွက်လျက်ရှိရာ မတ် ၁၉ရက် ညနေ ၄နာရီ ၄၅မိနစ်ခန့်တွင် ကရင်ပြည်နယ် ဖာပွန်မြို့နယ် အမှတ်(၁)ရပ်ကွက်နေ ဦးဘီတူး၏သား လော်ကမာန် အသက်(၃၈)နှစ်သည် ဖာပွန်မှချော်ပွဲကျေးရွာသို့ ဖာလာစေ့နှင့် ငရုတ်ကောင်းများဝယ်ရန် သွားရောက်စဉ် လမ်းခရီး ရေချောင်းအရောက်၌ သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲပြီး လော်ကမာန်၏ ဘယ်ဘက်ခြေထောက် ခြေချင်းဝတ်မှပြတ်ကာ ဒဏ်ရာရရှိခဲ့သည်။

ပံ့ပိုးကူညီ

မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် လော်ကမာန်အား တာဝန်ရှိသူများက လိုအပ်သော ဆေးဝါးကုသမှုများနှင့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၃)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု
ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပြပွဲ ပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၂၈

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ငါးမွေးမြူရေးအထူးဇုန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပြပွဲပြိုင်ပွဲကို မတ် ၂၆ရက် နံနက် ၈နာရီက အဆိုပါ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန် ဇုန်(၁) မှော်ဘီဆန်းခန်းမရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဇနီး ဒေါ်မာမာဝေနှင့် ဧည့်သည်တော်များသည် ပြိုင်ပွဲဝင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(ယာပုံ)**

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ညောင်နှစ်ပင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပြပွဲ ပြိုင်ပွဲ မုခ်ဦးကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ဇနီးနှင့် ဧည့်သည်တော်များသည် ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းပြခန်း၊ ဆည်မြောင်းဦးစီးဌာနပြခန်း၊ စက်မှုလယ်ယာ ဦးစီးဌာနပြခန်း၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနပြခန်းများ၊ ညောင်နှစ်ပင်အထူးဇုန် ပြခန်းများ၊ ခရိုင်နှင့် မြို့နယ်ပြခန်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စိုက်ပျိုးမွေးမြူရေး ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကိုမှော်ဘီဆန်းခန်းမ၌ကျင်းပရာ အစီအစဉ်အရ ညောင်နှစ်ပင်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပြပွဲ ပြိုင်ပွဲ ကျင်းပရေး ကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးဝင်းမြင့်နှင့် ပြိုင်ပွဲအမှတ်ပေးဒိုင်ချုပ် ရန်ကုန်တိုင်း မြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးကြင်ထွန်းတို့က ပြပွဲပြိုင်ပွဲနှင့်စပ်လျဉ်း၍ဆောင်ရွက်ထားမှု အခြေအနေများနှင့်အမှတ်ပေးစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းတင်ပြကြသည်။

ချီးမြှင့်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ဟင်းသီးဟင်းရွက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအားလည်းကောင်း၊ တိုင်းမှူး၏ဇနီး ဒေါ်မာမာဝေက သစ်သီးဝလံပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊တတိယဆုရရှိသူများအားလည်းကောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးလှစိုးက ပြခန်းပြိုင်ပွဲတွင်ပထမ၊ဒုတိယ၊တတိယဆုနှင့် အထူးဆု ရရှိသူများအားလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယှဉ်ပြိုင်

အဆိုပါ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပြပွဲပြိုင်ပွဲသို့ ဟင်းသီးဟင်းရွက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၄၅ဦးနှင့် အမျိုးအစား ၂၂မျိုး၊ သစ်သီးဝလံပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၃၄ဦးနှင့် အမျိုးအစား ၁၉မျိုး၊ ပြခန်း ၂၀ ပါဝင်ပြသယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု
ပျော်ပွဲ ရွှင်ပွဲ ကံထူးရှင်ရွေးချယ်ပွဲနှင့် စတုဒိသာကျွေးမွေးပွဲ ကျင်းပ

နေပြည်တော် မတ် ၂၈

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပျော်ပွဲရွှင်ပွဲ ကံထူးရှင်ရွေးချယ်ပွဲနှင့် စတုဒိသာကျွေးမွေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အစီအစဉ်အရ ကံထူးရှင်ရွေးချယ်ပွဲ ဆုမဲများကို အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အထူးဖိတ်ကြားထားသူများနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက ကွန်ပျူတာစက်ခလုတ်နှိပ်၍ ဆုမဲများကို ရွေးချယ်ပေးကြသည်။

ကြည့်ရှု

ထို့နောက် ဝန်ကြီးများနှင့် ဧည့်ပရိသတ်များက အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်ရောင်းချလျက်ရှိသော ပစ္စည်းများ ရောင်းချမှု အခြေအနေကို လိုက်လံကြည့်ရှုကြသည်။

ရှင်းလင်းပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟို အတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် နံနက် ၁၀ နာရီခွဲက (၆၃)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသော မန္တလေးတိုင်းအတွင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား ဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံ၍ အသင်းကြီးက ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသလုပ်ငန်းစဉ် (၅)ရပ်ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်သူနှင့် တစ်သားတည်း ထိတွေ့နေထိုင်၍ အာရုံစူးစိုက်ဆောင်ရွက်ကြရန်၊ လူမှုရေးအသင်းအဖွဲ့များနှင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟောပြောပွဲနှင့်စာဖတ်ဝိုင်း အလုံမြို့နယ်၌ကျင်းပ

ရန်ကုန် မတ် ၂၈

အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မတ် ၂၅ရက်က လွတ်လပ်ရေးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ပညာတံခွန် စာကြည့်တိုက်၌ နယ်လှည့်စာကြည့်တိုက် ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းများကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းမြင့်ဋ္ဌေးက အဖွင့်စကားပြောကြားပြီး **(ဝဲပုံ)** မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မမက စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ရှင်းလင်းဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

တရားပွဲများ ကျင်းပမည်

သီတဂူရေအလှူတော် အထူးတရားပွဲ

အရှင်ပညာသာရနှင့်ဘိုးဘွား၊ မိဘတို့အား အမှူးထား၍ ဦးမြင့်ဆွေဦး-ဒေါ်သီတာစိုး၊ ကိုစောနိုင်ဦး မိသားစုတို့၏ တတိယအကြိမ်မြောက် သီတဂူရေအလှူတော်ပွဲကြီးကို ဧပြီ၂ရက်တွင် ဓမ္မဒူတအရှင်ဝိမလ သာသနဓဇ ဓမ္မာစရိယ (တောင်စွန်း)၊ ၃ရက်တွင် သီတဂူဒေါက်တာအရှင်ဣန္ဒက M.A. Ph.D(B.H.U) ထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ ၄ရက်တွင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ D. Litt (Ph.D) သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ ၅ရက်တွင် သီတဂူဒေါက်တာအရှင်ကိတ္တိဗလ ပါမောက္ခ သီတဂူသာသနာပြုဗိမာန်၊ ၆ရက်တွင် အရှင်အာစာရ လင်္ကာရကိုးဘွဲ့ရ (စစ်ကိုင်း) ရွှေဟင်္သာတို့က ညစဉ် ၇နာရီတွင် ပေါ်တော်မူဘုရားဝင်း ဗဟိုလမ်း ၂ ရပ်ကွက် သမိုင်းလမ်းဆုံ မရမ်းကုန်းမြို့နယ်၌ ငါးရက်တိုင်တိုင် တရားတော်များ ဟောကြားမည်ဖြစ်သည်။ အလှူငွေများကို ဦးမြင့်ဆွေဦး-ဒေါ်သီတာစိုး၊ ကိုစောနိုင်ဦး အမှတ် ၁၀ ဦးအောင်ဘွင့်လမ်း ၂ရပ်ကွက် (သမိုင်း) မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၆၆၃၀၄၂၊ ၀၉-၈၀-၃၁၆၈၄နှင့် ၀၉-၅၁-၇၁၉၄၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။**(က-ပ)**

ဘဒ္ဒန္တကေသဝ(ပျော်ဘွယ်)ဓမ္မခရီးစဉ်

ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တကေသဝ (ပျော်ဘွယ်) ဆရာတော်သည် ဧပြီ ၁ရက်မှ ၇ရက်အထိ မိုးဖြိမြို့ မိုးကုတ်ရိပ်သာတွင်လည်းကောင်း၊ ဧပြီ ၁၁ရက်မှ ၂၀ရက်အထိ တာချီလိတ်မြို့ မိုးကုတ်ရိပ်သာ ၃၄၈ တွင်လည်းကောင်း၊ ဧပြီ ၂၅ရက်မှ မေ ၄ရက်အထိ မိုးနဲမြို့ မိုးကုတ်ရိပ်သာ ၈၃ တွင်လည်းကောင်း၊ မေ ၁၀ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့မိုးကုတ်ရိပ်သာအဖွဲ့ချုပ်တွင်လည်းကောင်း၊မေ၂၅ရက်မှ ဇွန်၃ရက်အထိ လှိုင်ကော်မြို့ မိုးကုတ်ရိပ်သာ ၈၁ တွင်လည်းကောင်း၊ ဇွန် ၁၂ရက်မှ ၁၈ရက်အထိ ပန်းတောင်းမြို့ မိုးကုတ်ရိပ်သာ၃၉ တွင်လည်းကောင်း ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်းသစ္စာလေးပါး မြတ်တရား ဟောကြားပြသမည်ဖြစ်သည်။ ဆရာတော်နှင့် ဆက်သွယ်လိုပါက ဖုန်း၀၉-၅၀-၃၁၅၇၉သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

မဟာစည် အထူး ၁၀ရက် ဝိပဿနာတရားစခန်းပွဲ

တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် သာသနာ့ဗေယျမင်္ဂလာပရိယတ္တိစာသင်တိုက်တွင် ဆရာတော်ဘဒ္ဒန္တ ပညိန္ဒ(မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးစီးကျင်းပသော သင်္ကြန်တွင်း မဟာစည် အထူး၁၀ရက် ဝိပဿနာတရားစခန်းပွဲကို ဧပြီ ၁၁ရက်မှ ၂၀ရက်အထိ တရားစခန်းပွဲကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူယောဂီများ မိမိအသုံးအဆောင် အိပ်ရာလိပ်များနှင့်အတူ ဧပြီ ၁၁ရက် မွန်းလွဲ ၂နာရီ အရောက် လာရောက်ကြရန်နှင့် အသေးစိတ်သိလိုပါက ဖုန်း-၅၄၁၀၀၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် သင်္ကြန်တရားစခန်းပွဲ

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် တရားပြဌာန ဓမ္မာရုံတော်ကြီးတွင် (၇၂) ကြိမ်မြောက် မဟာသင်္ကြန် ခုနစ်ရက်တရားစခန်းပွဲကို အာဒိကမ္မိက ကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယ ကျေးဇူးရှင်ဆရာကြီး ဦးကြည်၏ ဥပနိဿယအတိုင်း မဟာသတိပဋ္ဌာန် (ဓမ္မာနုပဿနာ) တရားတော်များအား ဆရာကြီး၏ အန္တေဝါသိက လက်ရင်းတပည့်ကြီးဖြစ်သော ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာဦးသိန်းဆွေ(ဓနုဖြူ)နှင့် အရန်တရားဟော ဓမ္မကထိကများ ဖြစ်သော နာယက ဦးထွန်းလွင်၊ ဆရာဦးမြင့်သန်း၊ ဆရာဦးသန်းဝေတို့က မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သည့် ပါဠိတော်၊ အဋ္ဌကထာများ၏ အဆိုအမိန့် ဆုံးဖြတ်ချက်များနှင့်အညီ ဧပြီ ၁၂ရက်မှ ၁၈ရက်အထိ ခုနစ်ရက်တိုင်တိုင် ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများသည် ဧပြီ ၁၁ရက် ညနေ ၅နာရီအရောက် ဝင်ရောက်နိုင်ကြောင်းနှင့် ဦးအေးကို ဖုန်း-၀၁-၆၆၂၂၈၀၊၀၁-၆၆၀၀၀၆၊ ဦးကျော်ဦး ဖုန်း-၀၉-၉၉-၂၀၆၁၇၊ ဦးနိုင်အောင် ဖုန်း-၀၁-၆၆၂၈၅၀၊ ဦးသန်း ဖုန်း-၀၉-၉၉-၂၅၅၀၅၊ ဦးအေးကြည် ဖုန်း-၀၉-၈၀-၃၂၂၇၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မဟာသင်္ကြန် တရားစခန်းပွဲ

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁၆)ရပ်ကွက် မြို့ဦးစေတီ ဘူတာရုံဓမ္မရိပ်သာ ကျောင်းတိုက်အတွင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားများကို တန်ခူးလဆန်း ၇ရက် (ဧပြီ၁၂ရက်) စနေနေ့မှ တန်ခူးလဆန်း ၁၃ ရက် (ဧပြီ ၁၈ ရက်) သောကြာနေ့အထိ မဟာသင်္ကြန်တရားစခန်း ဖွင့်လှစ်မည်ဖြစ်ရာ ယောဂီဦးရေ ကန့်သတ်လက်ခံမည်ဖြစ်၍ တရားစခန်းဝင်လိုသည့် ယောဂီများ ကျောင်းသို့လည်းကောင်း၊ ဖုန်း-၀၉-၅၁-၃၆၇၁၄သို့လည်းကောင်း ဆက်သွယ်ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဝန်ကြီးများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းပြောကြား

နေပြည်တော် မတ် ၂၈

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် မတ် ၂၁ ရက်က ဧရာဝတီတိုင်း ညောင်တုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း လှိုင်ပညာအားကစားခန်းမတွင် မအူပင်ခရိုင်နှင့် ညောင်တုန်းမြို့နယ်တို့မှ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ဓမ္မစွမ်းရည် မဟာစည်ကျောင်း တရားစခန်း

ရန်ကုန် မတ် ၂၈

စစ်ကိုင်းတောင်ရိုး ဂေါသီတာချောင် ဓမ္မစွမ်းရည် မဟာစည်သာသနာ့ရိပ်သာကြီးတွင် သင်္ကြန်တွင်းတရားစခန်းကို ဧပြီ ၁၀ ရက်မှ ၂၀ရက်အထိ ၁၁ရက်တိတိ ဓမ္မစွမ်းရည် မဟာစည်ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသက ဝိပဿနာ အလုပ်ပေးတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုကြသော ရဟန်း၊သီလရှင်၊ ယောဂီများသည် ဧပြီ ၉ ရက်အရောက်လာကြပါရန်နှိုးဆော်ထားသည်။ လှူဒါန်းလိုသူများသည် ဘဒ္ဒန္တ သိရိန္ဒာ နာယကဆရာတော် ဓမ္မစွမ်းရည် မဟာစည်ရိပ်သာ စစ်ကိုင်း ဖုန်း– ၀၇၂–၂၁၆၆၀နှင့် ဦးဟန်မြိုင်၊ သီဟာသုဓမ္မသိင်္ဂီ ဒေါ်မေသက်မော် (မော်မော်စန်းထိုးမုန့်) ဖုန်း– ၀၉–၂၀–၀၂၅၉၅၊ ၀၉–၂၀–၁၆၄၃၉ မန္တလေးမြို့တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

အထက(၂)လှိုင်သာယာ အာစရိယ ပူဇော်ပွဲ

ရန်ကုန် မတ် ၂၈

လှိုင်သာယာမြို့နယ် အထက(၂) ကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဆရာ ဆရာမကြီးများအား ပထမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ဧပြီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည် ဖြစ်သည်။ အာစရိယပူဇော်ပွဲသို့ အငြိမ်းစား ဆရာ ဆရာမကြီးများနှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူ ဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို လှိုင်သာယာမြို့နယ်၌ ဒေါ်ခင်ဌေး (ကျောင်းအုပ်) အထက(၂)လှိုင်သာယာ ဖုန်း–၆၄၅၀၇၂၊ ကိုကိုမောင်(ဂုဏ်ထူး ဦးမောင်မောင်) ဖုန်း–၀၉–၅၁–၈၂၇၁၃၊ ကိုသန့်ဇင် SKY ကွန်ပျူတာ (အထက–၂၊ ကျောင်းရှေ့) ဖုန်း–၂၄၇၈၈၂၊ ၇၂၀၆၅၈၊ ကိုအောင်မျိုး ပုလဲကွန်ပျူတာ (မီးခွက်ဈေး) ဖုန်း–၆၄၅၁၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့်ဤကျောင်းတွင်တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး ဆရာမကြီးများ ရပ်ဝေးသို့ရောက်ရှိနေပါက အထက်ပါ ဖုန်းများသို့ ဆက်သွယ်ကြပါရန် နှိုးဆော်ထားသည်။ **(က–ပ)**

သာကေတမြို့နယ် စုပေါင်းရဟန်းခံရှင်ပြု

ရန်ကုန် မတ် ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သာကေတမြို့နယ်မှ ရပ်ကွက်ငါးရပ်ကွက် စုပေါင်း၍ ရဟန်းခံ၊ ရှင်ပြု အလှူမင်္ဂလာပွဲ ကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မတ် ၂၃ရက် နံနက် ၉နာရီက အမှတ်(၅) ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံး၌ ကျင်းပရာ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်စွာဝင်း(မြို့နယ်အလုပ်အမှုဆောင်)၊ဒုတိယဥက္ကဋ္ဌ ဦးလင်းလင်းထွန်း (မြို့နယ်အလုပ်အမှုဆောင်)နှင့် အတွင်းရေးမှူးများ၊ ကော်မတီအဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

အစီအစဉ်အရ စုပေါင်း ရဟန်းခံ၊ ရှင်ပြု အလှူမင်္ဂလာပွဲ ကျင်းပရေးအတွက် အလှူငွေများအဖြစ် ကျင်းပရေး ကော်မတီ အတွင်းရေးမှူးများ ဖြစ်ကြသော ၂/မြောက်ရပ်ကွက်မှ ဦးဟန်ထွန်းနှင့်ဦးဇော်လင်းဦးတို့က ငွေကျပ် ၁၅၀၀၀၀ ၊ ၅ ရပ်ကွက်မှ ဦးမျိုးထွန်းက ငွေကျပ် ၁၅၀၀၀၀၊ ၁/ထူပါရုံရပ်ကွက်မှ ဦးထွန်းရှင်နှင့် ဦးလှသိန်းတို့က ငွေကျပ် ၇၀၀၀၀၊ ၆/အရှေ့ရပ်ကွက်မှ ဦးဝေလင်းက ငွေကျပ်တစ်သိန်း၊ ၁၀/မြောက် ရပ်ကွက်မှ ဦးစိန်ဝင်းက ငွေကျပ် ၁၅၀၀၀၊ စက်မှုလက်မှုရပ်ကွက်က ဦးတင်အေးနှင့် ဦးဆန်းဝင်းတို့က ငွေကျပ် နှစ်သိန်း၊ ၃ /မာန်ပြေရပ်ကွက်မှ ဦးဝင်းမြင့်က ငွေကျပ်၁၆၀၀၀၊၆/အနောက်ရပ်ကွက်မှ ကိုကျော်စွာထွဋ်က ငွေကျပ်တစ်သောင်းနှင့် အလှူရှင်များက စုစုပေါင်း ငွေကျပ်ခြောက်သိန်းကျော် ပေးအပ်လှူဒါန်းရာ ရပ်ကွက် ငါးရပ်ကွက်တို့မှ ရဟန်းခံ၊ ရှင်ပြုလိုသူများအား စုပေါင်း ကုသိုလ်ပြုအလှူ ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။ **(က–ပ)**

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်းဖွင့်

ရန်ကုန် မတ် ၂၈

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် လေးလက်မအလှူရှင် စက်ရေတွင်းသစ်ဖွင့်ပွဲကို မတ် ၂၃ ရက်က မကွေးမြို့နယ် ညောင်ပင်သာကျေးရွာ၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်နုက ရှင်းလင်းတင်ပြပြီး စက်ရေတွင်းသစ်ကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်၊ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအံ့မော်နှင့် စက်ရေတွင်းအလှူရှင် ဦးအောင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး စက်ရေတွင်းသစ်ဖွင့်ပွဲ အခမ်းအနား ဆိုင်းဘုတ်ကို မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

လှူဒါန်း

အဆိုပါ လေးလက်မ စက်ရေတွင်းသစ်ကို ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မကွေးမြို့ ရန်ကျော်ရပ် အထက(၁) လမ်း အမှတ် ၄၆ နေ ဦးအောင်ဝင်း၊ ဒေါ်အမာကြည်မိသားစုလှူဒါန်းငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး လေးလက်မ ပိုက် တွင်းအနက် ပေ ၆၈၀ ရှိ စက်ရေတွင်း ရေစက်အင်ဂျင်၊ ရေစက်ရုံ၊ ဂါလန် ၄၀၀ ဆံ့ အုတ်ရေကန် အပါအဝင် ကုန်ကျငွေ ကျပ် ၁၇၆၀၀၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်းနှင့် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာ ငါးရွာတွင် စက်ရေတွင်း ငါးတွင်း တူးဖော်ဆောင်ရွက်ခဲ့ပြီး ကျေးရွာ ခြောက်ရွာ၏ ခြောက်လက်မစက်ရေတွင်း ခြောက်တွင်းအား တွင်းဆေးပြုပြင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ ငွေလှူဒါန်း

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေများပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးတည်ရှိရာ အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ(ဒုတိယထပ်)တွင် ကျင်းပသည်။

တက်ရောက်

ငွေလှူဒါန်းပွဲသို့ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသန်းမောင် (သန်းမောင်)၊ ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး(ဒေါက်တာတင်ထွန်းဦး)နှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အထူးဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ပြန်လည်ပေးအပ်

အထက်ပါငွေလှူဒါန်းပွဲတွင် ဖဒိုသစ်စက် စာပေဝါသနာရှင်များက မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာရင်းစစ်ခေါင်းဆောင် ဦးတင်လှိုင်(လယ်တွင်းသား စောချစ်)မှ တစ်ဆင့် အလှူငွေကျပ်တစ်သိန်း၊ သရက်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယက စာရေးဆရာ ဦးအေးဝေ (သရက်) **(အောက်ပုံ)** က ကာလတန်ဖိုးငွေကျပ်ငါးသောင်းတန်ဖိုးရှိ သုတစာအုပ်များနှင့် ငွေကျပ် ငါးသောင်း၊ စာရေးဆရာကြီး ဦးဘသန်း(မဟာဝိဇ္ဇာ)က ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ဒုတိယဆင့်) ရရှိခြင်း အထိမ်းအမှတ်အဖြစ် ငွေကျပ်

နှစ်သောင်း၊ မိုးညှင်းမြို့နယ်မှ ဦးဆန်းဝင်း(စိန်ရတနာမွန်)က ငွေကျပ် နှစ်သောင်း ပေးအပ်လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို မွန်းလွဲ၂နာရီတွင် ရုပ်သိမ်းလိုက်သည်။ **(မြန်မာ့အလင်း)**

ရေကြောင်းသတိပေးချက် အသိပေး

နေပြည်တော် မတ် ၂၈

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသောDaewoo E&P Myanmar ရေနံကုမ္ပဏီသည် ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ်A-1နှင့်A-3တို့တွင် Nearshore Soil Investigation Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ်LCT BORA VI ဖြင့် ၂၀၀၈ခုနှစ် ဧပြီ ၁ ရက်မှ မေ ၁၀ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Nearshore Soil Investigation Survey တိုင်းတာရေး လုပ်ငန်းဆောင်ရွက်မည့် တည်နေရာဧရိယာများမှာ Point-1မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၈ မိနစ် ၃ ဒသမ ၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၈ မိနစ် ၃၅ စက္ကန့်၊ Point-2မြောက်လတ္တီတွဒ် ၁၉ဒီဂရီ၂၇မိနစ် ၂၂စက္ကန့်၊အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ ၂၇ မိနစ် ၅၃ စက္ကန့်၊ Point-3 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ၂၅မိနစ်၃၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ၂၉မိနစ် ၅၂စက္ကန့်၊Point-4 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၂၅မိနစ် ၃၄စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ ၃၀မိနစ် ၂၄စက္ကန့်နှင့် Point-5 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၂၆မိနစ် ၁၁ဒသမ၆၇စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀မိနစ် ၅၀စက္ကန့်တို့ အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်၍ ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် A-1 နှင့် A-3 တို့တွင် Nearshore Soil Investigation Surveyတိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် LCT BORA VIဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာအတွင်း ရေကြောင်းသတိပေးချက် (Notice to Mariner's)ထုတ်ပြန်ကြေညာထား၍ သင်္ဘောကြီး၊ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများနှင့် စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းနှင့် ငါးဖမ်းဆီးခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုံရွာမြို့ အလက(၂) (ပြဿာဒ်ကျောင်း) အာစရိယပူဇော်ပွဲ

မုံရွာ မတ် ၂၈

မုံရွာမြို့ အမှတ်(၂)အလယ်တန်းကျောင်း(ပြဿာဒ်ကျောင်း)၌ တာဝန် ထမ်းဆောင်ခဲ့သော အသက်(၆၀)ပြည့် အငြိမ်းစားယူပြီးသည့် ဆရာကြီး ဆရာမကြီးများအား သတ္တမအကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ဧပြီ ၅ရက်(စနေနေ့) မွန်းတည့်၁၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ပြီး ဆရာကြီးဆရာမကြီးများအား အတူတကွ ပူဇော်ကြရန်နှင့် အလှူငွေများကို ဦးလှဟန်(လူမှုထူးချွန်) ဖုန်း-၀၇၁-၂၁၄၀၂၊ ဦးမြဇော်(စက်မှုဇုန်) ဖုန်း-၀၇၁-၂၂၀၆၆၊ ဦးရဲအောင်(အေးသာယာ)ဖုန်း-၀၉-၂၁-၃၀၅၃၀၊ ဦးရဲထွန်းဝင်း(ကုန်သည်) ဖုန်း-၀၇၁-၂၁၃၄၅၊ ဦးမျိုးညွန့်(ပုံနှိပ်တိုက်) ဖုန်း-၀၇၁ ၂၁၃၈၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

သုညတဓမ္မသကြ်န် အထူးတရားစခန်းပွဲ

ရန်ကုန် မတ် ၂၈

သာကေတမြို့နယ် (၇) ရပ်ကွက် ဖိနမာန်အောင်စေတီအနီး သုညတဓမ္မ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဆရာတော် ဦးစန္ဒသေန ဟောကြားမည့် တရားစခန်းပွဲကို ဧပြီ ၁၁ရက်မှ ၂၀ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းတွင် လူယောဂီ ၆၀နှင့် ဒုလ္လဘရဟန်း ၆၀လက်ခံမည်ဖြစ်ရာ စာရင်းပေးရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်း၊ အဖျော်ရည်လှူဒါန်းလိုသူများ ဆရာတော်ဖုန်း-၀၉-၅၁-၇၉၃၄၃၊ ဒေါ်ပို့ပို့ ဖုန်း-၀၉-၅၀-၁၂၈၇၄၊ ၅၄၈၆၈၉၊ ဒေါ်ချားရီ ဖုန်း-၂၀၃၄၇၉၊ ဒေါ်မိုးအောင်ဆန်း ဖုန်း-၂၉၄၂၄၈၊ ဒေါ်ဝါဝါ၊ ဒေါ်သင်း သင်း ဖုန်း-၀၉-၅၁-၀၀၁၀၈သို့တို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကျေးဇူးဆပ်ပါမည် ကျွန်တော် မောင်ဝင်းမင်းထွန်း C.D.C(58403) ၏ Allotment Card ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ ဖုန်း-၅၄၈၆၀၆။

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ခုနှစ် မတ်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၃၀-၃-၂၀၀၈)ရက်နေ့

၂၀၀၈ခုနှစ် ဧပြီလအတွက်

(၁၃-၄-၂၀၀၈)ရက်နေ့

နှင့်

(၂၇-၄-၂၀၀၈)ရက်နေ့

မန္တလေးတိုင်း မလှိုင်မြို့နယ် စေတော်ဝင်ရွှေပေါ်ကျွန်း ကမ္ဘာ့ရန်ကင်း ရန်ရှင်းစေတီတော် ထီးတော်တင်လှူပွဲ

မန္တလေးတိုင်း မိတ္ထီလာခရိုင် မလှိုင်မြို့နယ် စေတော်ဝင်ရွှေပေါ်ကျွန်း သာသနာပြုစခန်းရှိ ကျေးဇူးတော်ရှင် အရှင်ဇေယျာသိဒ္ဓိဓမ္မဉာဏိက(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာတော်ကြီး၏ ဓာတ်ပန္နက်ဖြစ်တော်မူသော ကမ္ဘာ့ရန်ကင်း၊ ရန်ရှင်းဓာတ်ပေါင်းစု စေတီတော်နှစ်ဆူအား လက်ရှိပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရက မူလစေတီတော်ဟောင်းအား မွမ်းမံပြန်လည်တည်ဆောက်တော်မူခဲ့ရာ လုံးဝအောင်မြင်ပြီးစီးပြီဖြစ်သဖြင့် ၁၃၆၉ခု တပေါင်းလပြည့်ကျော် ၁၃ရက်(၃-၄-၂၀၀၈)ကြာသပတေးနေ့တွင် စေတီတော်နှစ်ဆူအား ထီးတော်အသစ်တင်လှူပူဇော်မည်ဖြစ်ကြောင်း ဝေနေယျအပေါင်းအား ဖိတ်ကြားအပ်ပါသည်။

မင်္ဂလာဆုတောင်း

ဖေဖေ **ဦးသန်းရွှေ**-မေမေ **ဒေါ်ခင်ဝင်း**တို့၏ ၂၉-၃-၂၀၀၈ရက်တွင် ကျရောက်သော (၃၆)နှစ်မြောက်မင်္ဂလာနှစ်ပတ်လည်မှ နောင်နှစ်ပေါင်းများစွာ သားသမီး၊ မြေးမြစ်များနဲ့ ပျော်ရွှင်စွာနေထိုင်နိုင်ပါစေကြောင်း တောင်းဆုပြုလျက်----

သားကြီး+မိုးစံ
သားငယ်+သီရိ
ကိုကောင်း+ငုဝါ
ဖိုးထူး၊ ဝါဝါဝင်း၊ ဖိုးစနေ၊ ပန်ပန်၊ ချစ်မြတ်နိုး၊ ရွှန်းလဲ့။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ် ၁၈၊ ၁၀လမ်း၊ လမ်းမတော်မြို့နယ်နေ
ဦးကြည်မြင့်-ဒေါ်ယဉ်ယဉ်ဌေးတို့၏သားကြီး

ဗိုလ်ကြီးတင်ကျော်ဦး B.Sc, D.S.A

နှင့်

ရန်ကုန်မြို့၊ အမှတ် ၃၈၀၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်နေ
ဗိုလ်ကြီးသန့်ဇင်(ငြိမ်း)-ဒေါ်ခင်သက်ထားလတ်တို့၏ သမီးလတ်

ဒေါက်တာရွှယ်နုနုခင် M.B., B.S(Ygn)

လက်ထောက်ဆရာဝန်၊ အလုပ်သမားဆေးရုံကြီး(ရန်ကုန်)

တို့သည် ၂၇-၃-၂၀၀၈ရက် (ကြာသပတေးနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးတင်ကျော်ဦး-ဒေါက်တာရွှယ်နုနုခင်။

မော်ကွန်းတင်လက်မှတ်ရေးထိုးမင်္ဂလာကျေးဇူးတင်လွှာ

ဧရာဝတီတိုင်း၊ မြောင်းမြမြို့

ခရိုင်အင်ဂျင်နီယာမှူး ဦးမြင့်ဦး(စီမံထူးချွန် တတိယဆင့်)-ဒေါ်သန်းသန်းနွဲ့(လူမှုထူးချွန် တတိယဆင့်)

တို့၏သားကြီး

မောင်ထွဋ်ထွဋ်ဦး

B.A(Business Management)
Director(Ancient Palace Co.,Ltd.)

နှင့်

ရန်ကုန်တိုင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်နေ

(ဦးတင်ဝင်း)(အုပ်ချုပ်ရေးမှူး၊ မြန်မာ့ရေနံ၊ ငြိမ်း)-ဒေါ်တင်တင်အောင်(ငွေစာရင်းဌာန၊ မြန်မာ့ရေနံ၊ ငြိမ်း)

တို့၏တစ်ဦးတည်းသောသမီး

မလဲ့ရည်ခိုင်

3rd Year(Law) (အောင်မြင်သူစာပေ)

တို့၏ ၂၀-၂-၂၀၀၈ရက်တွင် မြရိပ်ညိုရွှိုင်ရယ်ဟိုတယ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော တရားရုံးချုပ် တရားသူကြီး ဦးသက်ထွန်းနှင့်ဇနီး အကယ်ဒမီ ဒေါ်တင်တင်နွဲ့တို့အားလည်းကောင်း၊ လက်ထပ်လက်စွပ် ဆင်မြန်းပေးသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆယ်နှင့်ဇနီး ဒေါ်ဌေးဌေးသန်းတို့အားလည်းကောင်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးကြပါသော ဗိုလ်မှူးကြီးစိုးတင့်(ငြိမ်း)နှင့် ဇနီးဒေါ်မြင့်မြင့်ကြည်၊ ဒုတိယဗိုလ်မှူးကြီး မောင်ပြုံးနှင့်ဇနီး ဒေါ်ရီရီမြင့်တို့အားလည်းကောင်း၊ ကြွရောက်လာကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ထွဋ်ထွဋ်ဦး-မလဲ့ရည်ခိုင်။

မီးဘေးရှောင် မလောင်ခင်တား

ဇမ္ဗူရတနာယဉ်ကျေးလိမ္မာသင်တန်း ဆရာတော် သဒ္ဓမ္မဇောတိကဓဇ အရှင်ဩဘာသရှေ့မှောက်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် မိုးကုတ်ဝိပဿနာ ထေရီမမွရိပ်သာဆရာကြီး ဒေါ်ဝရထေရီ M.A (B.Dh) ဖွင့်လှစ်သော နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းနှင့် အခြေခံအင်္ဂလိပ်စကားပြောသင်တန်းသား၂၀၀အတွက် စာအုပ်များကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကြည်မြင့်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်ကြည်တင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရေတာရှည်မြို့နယ် မြို့ဦးပရိယတ္တိစာသင်တိုက် နှစ်ထပ်ကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်

ရေတာရှည် မတ် ၂၄

ရေတာရှည်မြို့အမှတ်(၁)ရပ်ကွက် မြို့ဦး ပရိယတ္တိစာသင်တိုက်အတွင်းရှိ ရန်အောင်မြင်စေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်း၊ ဆွမ်းတော်ကြီးတင် လောင်းလှူပွဲနှင့် ပရိယတ္တိစာသင်တိုက်များမှ သံဃာတော်အပါး ၅၅၀တို့အား သံဃဒါနဆွမ်းသပိတ် ၅၅၀ ဆက်ကပ်ပူဇော်လှူဒါန်းပွဲနှင့် နှစ်ထပ် ကျောင်းဆောင်သစ်အတွက် အလှူငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းပွဲကို မတ် ၂၁ ရက်က မြို့ဦးကျောင်း သန္တိသုခဓမ္မာရုံတွင် ကျင်းပသည်။

ရှေးဦးစွာ နံနက် ၈ နာရီတွင် ဆွမ်းသပိတ် ၅၅၀ကို အလှူရှင်များက တစ်ပါးချင်း ဆပ်ကပ်လှူဒါန်းပူဇော်ကြသည်။

ထို့နောက် နှစ်ထပ်ကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲကျင်းပရာ ရေတာရှည်မြို့ အမှတ် ၃ ရပ်ကွက်နေ ဒေါက်တာ ကြင်သိန်း၊ ဒေါက်တာ မြင့်မြင့်စန်း၊ သမီး ဒေါက်တာ ဇာဖြူဝင်း၊ သား မောင်နေလင်းစိုး စတုတ္ထနှစ်ဆေးတက္ကသိုလ်တို့က အလှူငွေကျပ်နှစ်သိန်းအား ပဓာနနာယက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။ နှစ်ထပ်ကျောင်းဆောင်သစ်ကြီးအတွက် လှူဒါန်းလိုပါက ပဓာနနာယက ဆရာတော် တည်ဆောက်ရေးအဖွဲ့ နာယက ဦးခင်မောင်ထွေး၊ ဦးအလင်း(စိန်လင်း) ကားပစ္စည်းဆိုင်၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကြည်မောင်နှင့် ဦးမောင်ကိုတို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သကြၤန်တွင်း တရားစခန်းဖွင့်မည်

မန္တလေး မတ် ၂၀

မန္တလေးမြို့ ဟေမာဇလရပ်လမ်း ၈၀ တရုတ်တန်းနေ ဦးဟန်မြိုင်-သီဟသုဓမ္မသိင်္ဂီ ဒေါ်မေသက်မော် (မော်မော်စန်းထိုးမုန့်) မိသားစုတို့က စစ်ကိုင်းတောင်ရိုး ဂေါသီတာချောင်၌ ဆောက်လုပ်လှူဒါန်းထားသော ဓမ္မစွမ်းရည် မဟာစည်သာသနာ့ရိပ်သာကြီး၌ ၁၉၈၉ခုနှစ်မှစ၍ တရားစခန်းဖွင့်လှစ်ခဲ့သည်။ ယခုနှစ်သကြၤန်(၁၁)ရက် တရားစခန်းတွင်လည်း ယောဂီ ၃၅၀အထိ လက်ခံမည်ဖြစ်၍ ဓမ္မစွမ်းရည်ကျောင်းတိုက်နာယက ဆရာတော် ဘဒ္ဒန္တသီရိန္ဒကိုယ်တိုင်မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ မဟာစည်သတိပဋ္ဌာန်ဝိပဿနာတရားတော်များကို ဧပြီ ၁၀ရက်မှ ၂၀ရက်အထိ ဟောကြားပို့ချပေးမည်ဖြစ်သဖြင့် တရားအားထုတ်လိုသော ရဟန်း၊ သီလရှင်၊ ယောဂီများသည် ဧပြီ ၁၀ ရက် အရောက်ကြွရောက်ရန်နှင့် စစ်ကိုင်းဖုန်း-၀၇၂-၂၁၆၆၀၊မန္တလေးဖုန်း-၆၀၅၆၉နှင့်၀၉-၂၀-၀၂၅၉၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဇန်နဝါရီ ၂၁ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပုံပါကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ကလမ်းဘေးဝဲယာတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးဆောက်ရွက်ထားမှုကို ညွှန်ကြားရေးမှူး ဦးအေးဆွေ ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံ ဒုတိယဦးစီးမှူး ဦးသက်ခိုင်ဦး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ စည်ပင်သာယာရေးအဖွဲ့နှင့်အမှတ်(၅)ရပ်ကွက် ပြည်သူများပူးပေါင်းဆောင်ရွက်ခဲ့သည့် အုန်းမှုတ် စိန် လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၁၉ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဦးမြလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် ဧည့်သည်တော်များက လမ်းသစ်ကိုကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကာကွယ်ရေး စီမံချက် ဆောင်ရွက်

ချောက် မတ် ၂၅

ချောက်မြို့တွင် မီးဘေးအန္တရာယ်ကာကွယ်ကင်းရှင်းရေး စီမံချက်နှင့်အညီ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနမှ တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိရာမီးဘေးအန္တရာယ်ကာကွယ် နှိမ်နင်းရေး ဇာတ်တိုက် လေ့ကျင့်မှုတစ်ရပ်ကို မတ် ၁၅ ရက်က ပင်မဌာနကြီးရှိ ဒီဇယ်ဆီ သိုလှောင်ဖြန့်ဖြူးရေးဝင်းအတွင်း၌ ကျင်းပခဲ့သည်။

ထို့နောက် ပင်မမန်နေဂျာ ဦးသန်းဝင်းဦးစီးပြီး အရာထမ်း၊ အမှုထမ်းများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ဆောင်ရွက်ရာသို့ ချောက်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်မှူး ဒုရဲမှူးချစ်ဆွေနှင့်အဖွဲ့ လာရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

မတ် ၂၀ရက်က လမိုင်းမြို့ မြို့ဝင်ဆိုင်းဘုတ်ဆောင်ရွက်ထားရှိမှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ယာဉ်အန္တရာယ်ကင်းရှင်းရေး ကြီးကြပ်ဆောင်ရွက်

ရန်ကုန် မတ် ၂၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မအူပင်ခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းတင်၊ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနမှခရိုင်ဦးစီးမှူး ဒေါ်စိုးစန္ဒာဦး နှင့် ညောင်တုန်းမြို့နယ် မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီ အတွင်းရေးမှူး ဦးအောင်နိုင်တို့ ဦးဆောင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၄ရက်က ညောင်တုန်းဗဟိုရုံကား အသင်းမှ ရန်ကုန် - ညောင်တုန်းမြို့များသို့ ပြေးဆွဲနေသော ခရီးသည်တင်အငှားလိုက် ထရပ်ကားများအား ခရီးသွား ပြည်သူများလိုက်ပါစီးနင်းမှု ချောမွေ့အဆင်ပြေရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ယာဉ်အင်္ဂါရပ်၊ အစိတ်အပိုင်းများနှင့် စည်းကမ်းချက်များ ညီညွတ်စေရေးအတွက်ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ကြပ်မတ်စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။**(အပေါ်ပုံ)(က-ပ)**

နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပ

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရပ်ကွက်စာကြည့်တိုက်များနှင့် ကျောင်းများတွင် ဖေဖော်ဝါရီ ၂၉ရက်က နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲကျင်းပစဉ်။

(မြို့နယ် ပြန်/ဆက်)

ပညာဆီမီး စာကြည့်တိုက် မော်လိုက်၌ဖွင့်

မော်လိုက် မတ် ၃

စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူးဦးတင်သန်းဝင်းသည် မော်လိုက်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ကြည်နှင့် ဝန်ထမ်းများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၄ရက်က မော်လိုက်မြို့နယ် တပ်ကုန်းကျေးရွာ ပညာဆီမီးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် စာကြည့်တိုက်အဆောက်အအုံသစ်အား တိုင်းဦးစီးမှူး ဦးတင်သန်းဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးရွှေကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ကျေးရွာစာကြည့်တိုက်သို့ စာအုပ်စာစောင်များ လှူဒါန်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းဦးစီးမှူးသည် တပ်ကုန်းကျေးရွာ ပြည်သူလူထုနှင့် တွေ့ဆုံပြီး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရှင်သန်ရေး၊ ကျေးရွာပြည်သူများ စာပေဖတ်ရှုလိုစိတ် တိုးပွားလာစေရေးနှင့် စာပေ၏ အကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ သိမ်ကျောင်းအတွက် ငွေလှူဒါန်း

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ရပ် အမှတ်(၃) လမ်းဆုံ နွယ်ခွေလမ်းနှင့် အမှတ်(၃) လမ်းမကြီးကြားရှိ မဟာစန္ဒာရုံ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင် သိမ်ကျောင်းတော်အတွက် ထောက်ကြန့်မြို့နယ် အမှတ်(၂) ကျောင်းလမ်း လမ်းဆုံပိုင်း အောင်ဆေးခန်း ဒေါက်တာစိုင်းလောင်လိုင်း-ဒေါက်တာကြည်ကြည်ဆွေမိသားစုက မတ် ၂၅ရက်တွင် အလှူငွေကျပ်သုံးသိန်းကို ပဓာန နာယကဆရာတော် ဘဒ္ဒန္တပညာလင်္ကာရ(ကမ္မဋ္ဌာနာစရိယ) ရှေ့မှောက်တွင် ရေစက်ချ အနုမောဒနာတရားနာယူပြီး လှူဒါန်းကြသည်။ **(အပေါ်ပုံ)** အဆိုပါ ရိပ်သာ၌ သိမ်ကျောင်းဓမ္မာရုံ ယောဂီဆောင် မဟာရုံအုတ်တံတိုင်းလှူဒါန်းလိုသူ များသည် ဆရာတော် ဖုန်း-၀၉-၅၁-၂၅၄၅၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဟောပြောပွဲကျင်းပ

ထီးလင်း မတ် ၄

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၃ရက်က ဆင်စွယ်ရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ခင်ထွေးနှင့် အဖွဲ့ဝင် ဒေါ်သန်းသန်းဌေးတို့က မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး အသိပညာပေး ဟောပြောကြပြီးနောက် ကျေးရွာစာကြည့်တိုက်အတွက် သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများကို ပေးအပ်လှူဒါန်းကြသည်။ **(ဝ၇၁)**

အမြို့မြို့ အနယ်နယ် သတင်းများ

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၀ရက်က ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးနီထွန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက်မှူးသင်တန်း သံတွဲ၌ဖွင့်

သံတွဲ မတ် ၁၀

သံတွဲခရိုင် အတွင်းရှိ ဖွင့်လှစ်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည် ရှင်သန်ဖွံ့ဖြိုးရေး ရည်ရွယ်၍ ကျေးရွာစာကြည့်တိုက်မှူး သင်တန်း အမှတ်စဉ် (၁/၂၀၀၈)ဖွင့်ပွဲကို မတ်၁ရက်က သံတွဲမြို့နယ် ရွှေလှေ ကျေးရွာ လင်းအောင်စာကြည့်တိုက်၌ ကျင်းပသည်။

ပထမဦးစွာ သံတွဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းက ကျေးရွာစာကြည့်တိုက်မှူးသင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျေးရွာစာကြည့်တိုက်မှူးသင်တန်းကို ကျင်းပရာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ စာကြည့်တိုက်အကြောင်း သိကောင်းစရာများ စာကြည့်တိုက်လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ခြင်း၊ မျိုးတူပြုစုခြင်းနှင့် ကက်တလောက်လုပ်ငန်းများကို စာတွေ့လက်တွေ့ ဆွေးနွေး သင်ကြားပေးကြသည်။

(ခရိုင် ပြန်/ဆက်)

ကျောက်ဆည်မြို့နယ် သပြေကုန်းရွာ စက်ရေတွင်းပြုပြင်

ကျောက်ဆည် မတ် ၈

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြုပြင်ပြီးစီးခဲ့သော သပြေကုန်းရွာရှိ ကျေးလက်စက်ရေတွင်းမှ ကျေးလက်ပြည်သူများ ရေခပ်ယူ သုံးစွဲမှုကို မတ် ၄ ရက်က မြို့နယ် အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းတို့က ကွင်းဆင်းပံ့ပိုး ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

တောင်တွင်းကြီး၌ ကတ္တရာလမ်းဖွင့်

တောင်တွင်းကြီး မတ် ၂၅

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးသော မောင်းတိုင်(၁)ရပ်ကွက် ကန်တော်မင်းကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ်၂၂ရက်က အဆိုပါလမ်းသစ်မုခ်ဦးနေရာ၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားသို့ နယ်မြေခံတပ်မှ တပ်ရင်းမှူးနှင့် တပ်မတော်အရာရှိများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၄၀၀ တက်ရောက်ကြပြီး ကတ္တရာလမ်းသစ်အား မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေး)

မီးဘေးကြိုတင်ကာကွယ်ရေး ညောင်လေးပင်၌ ဆောင်ရွက်

ညောင်လေးပင် မတ် ၁၅

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း၌ မတ် ၂ရက်က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး (ဈေး) ဈေးတာဝန်ခံနှင့် မြို့မဈေးကြီးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆိုင်ခန်းများနှင့် လျှပ်စစ်ဝိုင်ယာကြိုးများကို လိုက်လံစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝ၅၃)**

မတ် ၁၈ရက်က ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်အဖွဲ့ဝင်များသည် မြို့မဈေးကြီးအပြင်ဘက် ပလက်ဖောင်းနှင့် ဈေးကြားရှိ ပျံကျဈေးသည်များနှင့် ဈေးမိဈေးဖများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဈေးသည်များ၏ ဈေးရောင်းချမှုအခြေအနေကို တစ်ဦးချင်းမေးမြန်းပြီး အခက်အခဲများအား ဖြေရှင်းပေးစဉ်။

(မြို့နယ်စည်ပင်)

သာသနာပြန့်ပွားရေးအသင်းဖွဲ့စည်း

တမူး မတ် ၁၀

မန္တလေးမြို့ ဝါခင်းကုန်း ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသိက္ခ ဦးစီး တည်ထောင်ဖွင့်လှစ်သည့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းကြီး၏ အသင်းခွဲအဖြစ် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းခွဲ အမှတ်(၁၂၄) ဖွဲ့စည်းခြင်းနှင့် အသင်းခွဲမတည်ငွေကျပ်တစ်သိန်းလှူဒါန်းခြင်း အခမ်းအနားကို တမူးမြို့ မြို့မကျောင်းတိုက်တွင် ဖေဖော်ဝါရီ ၂၇ရက်က ကျင်းပသည်။ အခမ်းအနားသို့ အသင်းကြီး၏ အဖွဲ့ဝင်များ၊ မြို့နယ်သာသနာရေး ဦးစီးမှူးနှင့် ဘုန်းတော်ကြီးကျောင်းဆိုင်ရာ ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့မကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဦးမာနိတသိရိမှ ဩဝါဒကထာမြွက်ကြားပြီး မန္တလေးမြို့ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေး အသင်းဥက္ကဋ္ဌ ဦးလှဝင်းက အသင်းကြီး၏ဆောင်ရွက်မှုလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။ **(ခရိုင်ပြန်/ဆက်)**

ကျေးလက်ရေပေးရေးအတွက် စက်ရေတွင်းတူးဖော်

မြိတ် မတ် ၂၄

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော တောင်ပြိုကျေးရွာ နှစ်လက်မ စက်ရေတွင်းတူးဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ပြည်သူများ သောက်သုံးရေ ဖူလုံစွာ ရရှိသုံးစွဲနေမှုကို မတ် ၂၀ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမွန် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

ဇီဝလောင်စာအတွက် ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ကန့်ဘလူ မတ် ၁၅

ကန့်ဘလူမြို့နယ် ရွှေဘိုခရိုင် မြို့နယ်ရှစ်မြို့နယ်သည် ဇီဝလောင်စာအတွက် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှုဇကေ အများဆုံး စိုက်ပျိုးသော မြို့နယ်ဖြစ်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက နိုင်ငံတော်၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ခြံစည်းရိုး ကြက်ဆူပျိုးပင် ခုနစ်သိန်းကို ဖေဖော်ဝါရီလအတွင်းက စုပေါင်းပျိုးထောင် စိုက်ပျိုးပွဲများ တပျော်တပါးကျင်းပပြီး ဒေသအလိုက် ပျိုးထောင်ထားရှိကြောင်း သိရသည်။

ကန့်ဘလူ- ကိုးတောင်ဘို့-ကင်းတပ်-ချပ်သင်း-ထန်းကုန်း-ပင်သာနှင့် ပဒိုကြီးဒေသ ပျိုးဥယျာဉ်တို့တွင် မျိုးစေ့စိုက်နှင့် ပျိုးကိုင်းစိုက်ပျိုးပင် တစ်သိန်းစီ ပျိုးထောင်ထားကြောင်း သိရသည်။ **(ဝ၂၇)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ငြိမ်းအေးရတနာ စာကြည့်တိုက် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ရက်က မလှိုင်မြို့နယ် ထန်းပင်ကောက် ကျေးရွာ အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးသန်းနှင့် အလှူရှင် ဦးမောင်မောင်-ဒေါ်စောပိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ဝ၈၂)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မိုးမောက်၌ ဟောပြော

မိုးမောက် မတ် ၅

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၅ရက်က မိုးမောက်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယရဲမှူးမြင့်ကြူက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပိုင်းဆိုင်ရာ သိကောင်းစရာများနှင့် ယာဉ်တိုက်မှုဖြစ်ပွားရသည့် အကြောင်းရင်းများကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်းစစ်ဌာနချုပ် (၆၃)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား

တိုင်းမှူး ဗိုလ်ချုပ်လှထွေးဝင်း တက်ရောက် မိန့်ခွန်းပြောကြား

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယမန်နေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှထွေးဝင်း တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ချီတက်နေရာယူ

ရှေးဦးစွာ စစ်ရေးပြမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့် ဦးဆောင်သော စစ်ရေးပြစစ်ကြောင်းသည် စစ်ရေးပြကွင်းအတွင်းသို့ ချီတက်နေရာယူသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှထွေးဝင်းသည် စစ်ရေးပြကွင်းအတွင်းရှိ စင်မြင့်၌နေရာယူပြီး စစ်ရေးပြစစ်ကြောင်း၏ အလေးပြုခြင်းကို ခံယူသည်။

အလေးပြု

ယင်းနောက် တိုင်းမှူး၊ စစ်ရေးပြစစ်ကြောင်းနှင့် ဧည့်ပရိသတ်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြသည်။

ဆက်လက်၍ စစ်ရေးပြစစ်ကြောင်းမှ တပ်မတော်သားများက သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှထွေးဝင်းက ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းပြောကြားသည်။ **(အောက်ပုံ)**

ဂုဏ်ပြုဆုချီးမြှင့်

ယင်းနောက် တိုင်းမှူးက ၂၀၀၈ခု နှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့်စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲတွင် ပထမဆုများရရှိကြသော တပ်သား၊ အကြပ်၊ အရာခံနှင့် အရာရှိလေးဦးတို့နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်ရေးပြအခမ်းအနား၌ အကောင်းဆုံး စစ်ရေးပြအထူးဆု လေးဆုနှင့် တတိယဆု၊ ဒုတိယဆုနှင့် ပထမဆုများရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းမှူးအား စစ်ရေးပြစစ်ကြောင်းက အလေးပြုကာ စစ်ရေးပြကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြပြီး ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့အလင်း (၆၃)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု

❒ တပ်မတော်

အစိုးရလက်ထက်

ဖွံ့ဖြိုးတိုးတက်လာသော

နယ်စပ်ဒေသနှင့်

တိုင်းရင်းသား

လူမျိုးများကဏ္ဍ



(စာ–၇)

ရေကိုသား၍ အကြားမထင်သကဲ့သို့

❒ ပြည်သူနှင့် တပ်မတော်တို့အကြား အပေးအယူညီမျှစွာ အေးအတူပူအမျှ လက်တွဲစည်းလုံး ညီညွတ်နေသမျှကာလပတ်လုံး မည်သည့်ဘေးအန္တရာယ်ကိုမျှ စိုးရိမ်ရန်မလိုဘဲ အောင်မြင်စွာ တွန်းလှန်နိုင်မည်သာ ဖြစ်ပေသည်။

စည်သူအောင် ၏ ဆောင်းပါး (စာ– ၈၊ ၉)

❒ သမိုင်းကြောင်းပေါ်မှ အစဉ်အလာကောင်းများနှင့်တပ်မတော်

မောင်မောင်မိုးအောင်၏ ကဗျာ (စာ–၉)

❒ ဒို့တာဝန်အရေးသုံးပါး

ကောင်းထက်၏ ကာတွန်း (စာ–၉)

နေပြည်တော် မဟာသကြၤန် Tour Gold Cup ဖလားဂေါက်သီးရိုက်ပြိုင်ပွဲ

နေပြည်တော် မတ် ၂၈

နေပြည်တော် မဟာသကြၤန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၃ရက်မှ ၁၅ရက်အထိ နေပြည်တော် မြို့တော်ဂေါက်ကွင်း၊ ရေပြာတပ်မတော်ဂေါက်ကွင်းနှင့် နေပြည်တော် ဂေါက်ကွင်းတို့တွင် တစ်ကွင်းတစ်ရက်စီဖြင့် သုံးရက်ကျင်းပမည်ဖြစ်သည်။

ထိုက်ထိုက်တန်တန်ချီးမြှင့်

ပြိုင်ပွဲတွင် ရွှေ၊ ငွေ အဆင့် အသင်းလိုက်ပြိုင်ပွဲနှင့် ရွှေ၊ ငွေအဆင့် တစ်ဦးချင်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဆုများအနေဖြင့် နေ့စဉ် ကွင်းအလိုက်ကျင်းပမည့်ပြိုင်ပွဲများတွင် အသင်းလိုက် ပထမ၊ ဒုတိယဆုများနှင့် တစ်ဦးချင်း ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုများကိုလည်း ကွင်းအလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ဂေါက်ကွင်းတစ်ကွင်းတွင် တစ်ရက်စီဖြင့် သုံးရက်ယှဉ်ပြိုင်ကစားပြီးပါက အကောင်းဆုံးအသင်းအတွက် နေပြည်တော်မဟာသကြၤန် Tour Gold Cup ဖလားနှင့် အားကစားသမားတစ်ဦးချင်းကိုလည်း ရွှေသားရုပ်တုတစ်ဆုနှင့် ငွေကျပ်၁၀သိန်းစီအပြင် ဒုတိယရရှိသည့် အသင်းအားတစ်ဦးချင်း ငွေသားရုပ်တုတစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်ပြီး သုံးရက်ပေါင်း တစ်ဦးချင်း အကောင်းဆုံးအားကစားသမားအား ရွှေသားရုပ်တုတစ်ဆုနှင့် ငွေကျပ် ၁၀သိန်း၊ ဒုတိယရရှိသည့် အားကစားသမားအား ငွေသားရုပ်တုတစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲဝင် အသင်းတစ်သင်းစီတွင် အားကစားသမားခြောက်ဦး ပါဝင်ရမည်ဖြစ်ပြီး Pro အားကစားသမားနှစ်ဦးအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်အားကစားသမားအားလုံးအနေဖြင့်လည်း အကျောပေးသတ်မှတ်ချက် (Handicap Zero) ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းအနေဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းကမ်းများနှင့် ကွင်းအလိုက်သတ်မှတ်ထားသည့် ဒေသန္တရ စည်းမျဉ်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက်အားကစားသမားများ၏ အမည်စာရင်းကို ဧပြီ ၁၀ရက် နောက်ဆုံးထား၍ နေပြည်တော် မြို့တော်ဝန်ရုံး ဖုန်း–၀၆၇–၄၁၄၆၁၀နှင့် ၄၁၄၂၈၉တို့သို့ ပေးပို့ရမည်ဖြစ်သည်။ **(သတင်းစဉ်)**

29-3 (20) 1 3/29/08, 1:25 AM